# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၅ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်နှင့် ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်တွင်းငွေကြေးသုံးစွဲမှုကို တိုးမြှင့်ရန်တို့အတွက် ရည်ရွယ်၍ ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြု ပေးချေမှုကို ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) များတွင် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်မည့် သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ၏ ဘတ်စာရင်းဖွင့်လှစ်ခွင့်ပြုသည်။

၄။ သို့ဖြစ်၍ ဆောင်ရွက်ခွင့်ပြုသည့် Designated Bank များသည် ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး လုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline) အား လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းညိန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်



## ပြည်တွင်းဈေးကွက်ကို ပြန်လည်မြှင့်တင်ရန်အတွက် တိုင်းရင်းသား ထုတ်ကုန်မြှင့်တင်ပြပွဲ မန္တလေးမြို့၌ ၅ ရက်ကြာ ခင်းကျင်းပြသ

**မန္တလေး မတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသစုံမှ ထုတ်လုပ်ကြသည့် တိုင်းရင်းသားထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌ ပြန်လည်မြှင့်တင်ရန်နှင့် ဈေးကွက်ချိတ်ဆက်မှုရရှိစေရန် တိုင်းရင်းသား ထုတ်ကုန်မြှင့်တင်ပြပွဲကို မန္တလေးမြို့တွင် မတ် ၂ ရက်မှစ၍ ၅ ရက်ကြာ ပြုလုပ်ခင်းကျင်းပြသနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်နိုင်က ပြောကြားသည်။

အဆိုပါ တိုင်းရင်းသားထုတ်ကုန်မြှင့်တင်ပြပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် The Capital Mall Mandalay တို့ ပူးပေါင်းပြီး

*စာမျက်နှာ ၄ ကော်လံ ၁ ✻*

**ယနေ့** *ဖ တ် စ ရာ*



**စားသုံးဆီဖူလုံဖို့ နေကြာတိုးချဲ့စိုက်ကြစို့**

ဆောင်းပါး | စာ - ၆

**ဆောင်းညတစ်ညနဲ့ ဖွံ့ဖြိုးရေးအတွေးများ**

ဆောင်းပါး | စာ - ၁၀

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဆက်လက်ရုန်းကန်နေရသည့် တွန်ဂါနိုင်ငံသားများ**

နိုင်ငံတကာရေးရာ | စာ - ၁၄

မြန်မာ့အလင်း

# အဂတိပယ်ခွာ ပြည်သာယာ

"အဂတိလိုက်စားမှု"ဟူသည့် ဝေါဟာရကို ကိုယ်ကျင့်တရားနှင့် ဆက်စပ်၍ နားလည်သဘောပေါက်ကြသည်။ အဂတိလိုက်စားသူသည် ရိုးသားဖြောင့်မတ်မှုမရှိသူ၊ လောဘကြီးသူ၊ ကိုယ်ချင်းစာစိတ်ကင်းမဲ့သူ၊ ဥပဒေကို လေးစားလိုက်နာခြင်း မရှိသူ အစရှိသည်ဖြင့် အကျင့်စာရိတ္တမကောင်းသူအဖြစ် ရှုမြင်ကြခြင်းဖြစ်သည်။ သို့ရာတွင် လုပ်ပိုင်ခွင့်အာဏာရရှိထားကြသည့် ဝန်ထမ်းများနှင့် နိုင်ငံရေးသမားများက ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုမှုများ နေရာဌာနအသီးသီး၊ အဆင့်လွှာအသီးသီးတို့တွင် ခိုင်ခိုင်မာမာရှိနေပြီဆိုပါက အဂတိလိုက်စားမှုသည် ကူးစက်ရောဂါသဖွယ် ပျံ့နှံ့သွားတတ်သည်။ အများမိုးခါးရေ သောက်နေပါက ကိုယ်လည်းမသောက်၍ မရဟူသော ဆင်ခြေကို လက်ကိုင်ထားကာ အဂတိလိုက်စားကြခြင်းပင်ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် အများပြည်သူဝန်ဆောင်မှုပေးသည့် အစိုးရရုံးဌာနများသို့ ဝန်ဆောင်မှုရယူရန် သွားရောက်ကြရသည့် ပြည်သူများအနေဖြင့် လာဘ်ပေးရသည့်ကိစ္စများ၊ မပေးမချင်း ဝန်ဆောင်မှုမရသည့်ကိစ္စများ ကင်းရှင်းစေရန် မျှော်လင့်ထားကြသည်။ မိမိတို့ရယူရသည့် ဝန်ဆောင်မှုအပေါ်လိုက်၍ အဆင့်နိမ့်ဝန်ထမ်းမှသည် အဆင့်မြင့်ရာထူးကြီးဝန်ထမ်းအထိ အဆင့်ဆင့် လာဘ်ပေးကြရခြင်းက လက်ရှိနိုင်ငံကို တာဝန်ယူထားရသည့် အစိုးရအပေါ် ပြည်သူလူထု၏ အမြင်နှင့်စပ်လျဉ်း၍ ကြီးစွာသော သက်ရောက်မှုရှိသည်။ သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်နွယ်မှုသည် ပြောင်းပြန်အချိုးဖြင့် သက်ရောက်သည့်အတွက် အစိုးရတိုင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းလုပ်ဆောင်ကြရခြင်းဖြစ်သည်။

အဂတိလိုက်စားမှုကို လုပ်ပိုင်ခွင့်အလွဲသုံးစားပြုသည့် ကိုယ်ကျိုးရှာမှုအဖြစ်သာ ရှုမြင်ပါက အပေါ်ယံအမြင်မျှသာဖြစ်၍ ပြည့်စုံစွာ မြင်တွေ့နိုင်မည်မဟုတ်ပေ။ နေရာဌာနအသီးသီးတို့တွင် အဂတိလိုက်စားမှုများက နိုင်ငံနှင့်တကွ နိုင်ငံသူနိုင်ငံသားများအား ဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ဆို့ဟန့်တားစေသည့်အပြင် နိမ့်ကျသည့် အခြေအနေဆီသို့ပါ ဆွဲချသွားစေနိုင်သည်။ ဥပမာအားဖြင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး၊ အိမ်ရာတည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေရရှိရေး၊ တရားဥပဒေ စိုးမိုးရေး စသည့်ကဏ္ဍများတွင် အဂတိလိုက်စားမှုများ ရှိနေမည်ဆိုပါက ဖြစ်ပေါ်လာမည့် အခြေအနေများကို စဉ်းစားကြည့်နိုင်သည်။ နိုင်ငံရေးနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် ကဏ္ဍများတွင်ပါ အဂတိလိုက်စားမှုနှင့် ဆက်စပ်နေမည်ဆိုပါက ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်ဆိုသည့် စကားပုံကဲ့သို့ပင် အကြောင်းနှင့်အကျိုး ဆက်စပ်မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေရခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေခြင်း စသည့် အကျိုးရလဒ်များဆီသို့ ဦးတည်နေစေကြောင်း တွေ့မြင်ရမည်ဟု ယုံကြည်မိသည်။

အဂတိလိုက်စားမှုများ ပျံ့နှံ့နေမည်ဆိုပါက အစိုးရအဖွဲ့အစည်းများနှင့်တကွ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်သိက္ခာအပေါ် တန်ဖိုးထားမှုများကိုပါ ပြည်သူလူထုက ယုံကြည်မှုကင်းမဲ့လာတတ်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရနှင့် ပြည်သူပူးပေါင်းမှု အားကောင်းရန် လိုအပ်သော်လည်း အစိုးရအဖွဲ့အစည်းများအပေါ်တွင် ယုံကြည်မှုမရှိပါက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရရှိနိုင်မည်မဟုတ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နယ်ပယ်အသီးသီး၊ အလွှာအသီးသီးတို့တွင် ထိထိရောက်ရောက် ဆောင်ရွက်ခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာနိုင်ပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၅၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို မတ် ၁ ရက်က စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။ (ဓာတ်ပုံ)



အဆိုပါ ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်စာရေးဆရာအသင်း၊ မြို့နယ်ဂီတအစည်းအရုံးနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်း အပါအဝင် လှူဖွယ်ဝတ္ထု ပစ္စည်းများအား ကုသိုလ်ယူ လောင်းလှူခဲ့ရာ သံဃာတော် စုစုပေါင်း ၂၃၅ ပါးအား လောင်းလှူပူဇော်ခဲ့သည်။

**အေးအေးအောင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃-၃-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

# စပါး၊ ဆန် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးနှင့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃**

စပါး၊ ဆန် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးနှင့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



**ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စပါး၊ ဆန် ပြည်တွင်း စားသုံးမှု ဖူလုံရေးနှင့် ပြည်ပဈေးကွက်သို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးပေးစေလိုပါကြောင်း၊ လက်ရှိကမ္ဘာ့တဝန်းဖြစ်ပေါ်နေသည့် အခြေအနေများအရ စားနပ်ရိက္ခာဖူလုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာသို့ မြန်မာ့ဆန်များ တင်ပို့ရောင်းချရာတွင် ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိစေရေးနှင့် တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ ဆန်စပါးကဏ္ဍ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်လုပ်ကိုင် ဆောင်ရွက်သူအားလုံး သင့်တင့်မျှတသည့် အကျိုးအမြတ်ရရှိစေရေး ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆန်ကြိတ်ခွဲခြင်းမှ ထွက်ရှိလာသော ဖွဲနုကို တိရစ္ဆာန် အစားအစာအဖြစ် ရောင်းချနေခြင်းအစား အဆင့်မြင့်ကြိတ်ခွဲ ထုတ်လုပ်၍ ဖွဲနုဆီအဖြစ် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး ပြည်တွင်းဆီ လိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်**

ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် လက်ရှိကမ္ဘာ့အခင်းအကျင်းနှင့် ကိုက်ညီသည့် မူဝါဒများကို ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနများနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ကဏ္ဍအလိုက် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး အခက်အခဲများရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စပါး၊ ဆန် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

**အစိုးရချင်းချိတ်ဆက်ညှိနှိုင်း**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျင်းပသည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လိုအပ်ချက်များဖြစ်သည့် SPS Protocol များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် နှစ်စဉ် စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့ တင်ပို့သည့် ပို့ကုန်များ အရည်အသွေးပြည့်မီစေရေးနှင့် တန်းမြင့်ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဈေးကွက်သစ် ရှာဖွေမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပြီး နိုင်ငံတော်အနေဖြင့် အစိုးရချင်း ချိတ်ဆက်ညှိနှိုင်းမှုများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာ၊ ပဲပုတ်များကို ပိုမိုစိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်ပမှ ဆီတင်သွင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ကမ္ဘာ့နိုင်ငံများသို့ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းစိုက်ပျိုးတင်ပို့မှု အခြေအနေ၊ ပြည်တွင်း/ ပြည်ပ၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်းများ၊ စိုက်ပျိုးသူ တောင်သူများမှ ဈေးကွက်လိုအပ်ချက်အရ ပြောင်းလဲစိုက်ပျိုးနေမှု အခြေအနေ၊ ကုန်သွယ်မှုပုံစံပြောင်းလဲလာမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရင်း၊ အတိုးပေးဆပ်ရန် ပျက်ကွက်သောချေးငွေ (Non-Performing Loans) ဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၃

**အရင်း၊ အတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေ (Non–Performing Loans) ဖြေရှင်း ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Training Centre ၌ ကိုဗစ် – ၁၉ ကျန်းမာရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်များမှ ကိုယ်စားလှယ်များ၊ ငွေရေးကြေးရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။** (ယာပုံ)





အဆိုပါ Workshop တွင် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံတကာ၌ Non–Performing Loans(NPLs) အဓိပ္ပာယ်သတ်မှတ်ချက်နှင့် NPLs ဖြေရှင်းဆောင်ရွက်သည့် ဗဟိုဘဏ်များ၏ မူဝါဒဆိုင်ရာ နည်းလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပုဂ္ဂလိကဘဏ်များ၏ NPLs ပြောင်းလဲမှုနှင့် ယင်းချေးငွေများကို ပုဂ္ဂလိကဘဏ်များက ဖြေရှင်းရမည့် နည်းလမ်းများနှင့် Restructuring နှင့် Rescheduling ဆောင်ရွက်လျက်ရှိရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တာဝန်ရှိသူများက NPLs ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ပြန်ထားပြီးဖြစ်သည့် အကြံပြုချက်များနှင့် ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများက ဌာနအလိုက်၊ ဘဏ်အလိုက် NPLs ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ဆွေးနွေး အကြံပြုကြသည်။ ယင်းနောက် မြန်မာချေးငွေ သတင်း အချက်အလက်ဌာန (Myanmar Credit Bureau) ဥက္ကဋ္ဌက ဘဏ်များ၏ ချေးငွေ သတင်းအချက်အလက် ပေးပို့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဒုတိယဥက္ကဋ္ဌက ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်စေရန်နှင့် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ် ကျေးရွာလေးရွာ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပြီးစီး

**သံဖြူဇရပ် မတ် ၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လကာလတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ပထမအပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်အတွင်း ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကို နှစ်ကိုင်းကျေးရွာ၊ ဝဲပဟတာကျေးရွာနှင့် ကော့လေးကျေးရွာတို့တွင် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဝတ်ဖြူကျေးရွာတွင် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း၊ (၄၀၀) ဗို့အား ခါတ်အားလိုင်း (၂၂၀၀') ကို 9M Concrete Pole Insulated Cable 70mm2,35mm2(3 ø 5W) လုပ်ငန်းစုစုပေါင်း လုပ်ငန်းလေးခုကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၄၀၀၊ ပြည်သူထည့်ဝင် ငွေကျပ် ၂၆ ဒသမ ၈၀၇ သိန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


**နိုင်နိုင်ဝင်း**

# မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ဒသမအကြိမ် နှစ်ပတ်လည် အထွေထွေမျက်နှာစုံညီ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

**ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။** (ယာပုံ)





### လိုင်စင်များခွင့်ပြုထား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သော ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများအသင်း၏ တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပသော နှစ်ပတ်လည် အစည်းအဝေး ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအား (၅-၄-၂၀၀၇) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့် ရရှိစေရန်နှင့် ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေး မြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်တို့အတွက် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး ကိုက်ညီမှုရှိသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးလျက်ရှိရာ ပုဂ္ဂလိကဆေးရုံ ၂၅၉ ရုံအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထားရှိပြီး ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းတို့တွင် ပုဂ္ဂလိက ကဏ္ဍမှ ကျန်းမာရေးဝန်ကြီးဌာနနှင့်လက်တွဲပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ၊ လူအင်အားများကို ကူညီပံ့ပိုးပေးခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အရည်အသွေးပြည့်ပြီး ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရေး စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်အနေဖြင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ဓာတ်ခွဲခန်းများ ၃၉ ခုရှိ

ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်း၊ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန်အတွက် ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ Test & Care၊ ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးလုပ်ငန်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ စိစစ်ခွင့်ပြုလျက်ရှိရာ ကိုဗစ်-၁၉ Test & Care အတွက် ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများ ၃၉ ခုရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်း ၃၆ ခုကို ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ဆောင်ရွက် လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အနေဖြင့်လည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် ပြည်သူများ အတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

### ရွေးချယ်တင်မြှောက်

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အထက်မြန်မာပြည် ဥက္ကဋ္ဌနှင့် အောက်မြန်မာပြည် ဥက္ကဋ္ဌတို့မှ ၂၀၂၁ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းဖတ်ကြားကြပြီး (၂၀၂၂-၂၀၂၄) ခုနှစ် သက်တမ်းအတွက် အသင်း၏ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဥက္ကဋ္ဌအသစ်အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## * ရွှေ့ဖုံးမှ

မတ် ၂ ရက်မှ ၆ ရက်နေ့အထိ နေ့စဉ် နံနက် ၉နာရီ မိနစ် ၃၀ မှ ညနေ ၅ နာရီထိ မန္တလေးမြို့ လမ်း ၈၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ The Capital Mall Mandalay ၏ ဒုတိယထပ်တွင် ပြခန်းပေါင်း ၃၀ ဖြင့် ၅ ရက်ကြာ ကျင်းပပြုလုပ် ခင်းကျင်းပြသလျက်ရှိကြောင်း၊ ပြပွဲပြုလုပ် ပေးရခြင်းသည် တိုင်းရင်းသား ထုတ်ကုန်များကို လူသိများစေရေးနှင့် ဈေးကွက်ချိတ်ဆက်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသား ထုတ်ကုန်ပြပွဲကို မန္တလေးမြို့မှာ ၅ ရက်ကြာ ပြုလုပ် ခင်းကျင်းပြသနေပါတယ်။ တိုင်းနယ်၊ ပြည်နယ်ဒေသစုံက ထုတ်တဲ့ကုန်တွေကို ပြသနေတာပါ။ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့ အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ တိုင်းရင်းသားထုတ်ကုန်ပြပွဲလည်း ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနေတာကြောင့် ပြပွဲကို ကိုဗစ်စည်းကမ်းနဲ့အညီ ပြုလုပ်ပြသပါတယ်။ ကိုဗစ်စည်းကမ်းနဲ့အညီ လာရောက်လေ့လာဝယ်ယူ အားပေးသူတွေကို ကျန်းမာရေး စစ်ဆေးတယ်။ ကိုယ်အပူချိန်တိုင်းတယ်။ Mask မပါရင် တပ်ခိုင်းပါတယ်။ ခုလိုခက်ခဲတဲ့ကာလမှာ မဖြစ်မနေ ထုတ်လုပ် ရောင်းဝယ်နေကြတဲ့ ကြားကာလမှာ တချို့ထုတ်ကုန်တွေက နိုင်ငံတကာဈေးကွက်ထိ သွားလို့ရတာတွေ ရှိပါတယ်။ အဲလိုမျိုး ထုတ်ကုန်တွေရှိတဲ့အတွက် ပံ့ပိုးကူညီပေးဖို့ ဆောင်ရွက်တာပါ။ အဓိကအနေနဲ့ကတော့ ဈေးကွက်ချိတ်ဆက်ပေးဖို့ပါ။ ပြပွဲကိုလာရောက်လေ့လာသူများနဲ့ စည်ကားနေပါတယ်" ဟု ၎င်းကရှင်းပြသည်။




**တိုင်းရင်းသား ထုတ်ကုန်မြှင့်တင်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်မြို့ အခြေစိုက် မက္ကာဒေးမီးယား ထုတ်ကုန်များ တွေ့ရစဉ်။**

အဆိုပါ တိုင်းရင်းသား ထုတ်ကုန်မြှင့်တင်ပြပွဲတွင် အဓိကအနေဖြင့် SME ထုတ်ကုန်များနှင့် မြန်မာထုတ်ကုန် စစ်စစ်များ ပါရှိသည့်အပြင် တိုင်းရင်းသားဒေသအစုံမှ ထုတ်ကုန်များဖြစ်သည့် ပယင်းထုတ်ကုန်များ၊ ကချင်ပြည်နယ်မှ ကျောက်စိမ်းရတနာများ၊ ကချင်ရိုးရာ အဝတ်အထည်များ၊ ပြင်ဦးလွင်ဒေသထွက် ကော်ဖီထုတ်ကုန်များ၊ ကြယ်ပဲထုတ်ကုန်များ၊ ကျန်းမာရေး အထောက်အကူပြုဆေးဝါးများ၊ ပျားရည်ကို တန်ဖိုးမြှင့် ထုတ်လုပ်ထားသည့် ထုတ်ကုန်များ၊ ရဲယိုဖျော်ရည်များ၊ လျှော်ဖြူကထုတ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်ဖြစ်သော အသင့်သောက်ဖျော်ရည်များ၊ လျှော်ဖြူနှင့် တွဲထုတ်သည့် မန်ကျည်းယိုများ၊ ပြင်ဦးလွင်မြို့ အခြေစိုက် မက္ကာဒေးမီးယား ထုတ်ကုန်များ၊ မက်မန်းဝိုင်များ၊ နေကြာဆီများ၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့က G.A.P သီးနှံများဖြစ်သည့် နှမ်းနက်မျိုး၊ မြေပဲနှင့် ပဲတီစိမ်းမျိုးကောင်းမျိုးသန့် များကို လာရောက်ပြသ ရောင်းချခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုရရှိစေရန် ဆောင်ရွက်ခြင်းများ၊ သဘာဝထန်းလျက်ကို အခြေခံထုတ်လုပ်ထားသည့် အော်ဂဲနစ် အရည်အသွေး ထန်းအရက်နှင့် ဆန်အရက်များကို ကော့တေးပုံစံ ရောစပ်ဖျော်နည်းများကို လက်တွေ့ပြသခြင်းများစသဖြင့် ဒေသစုံမှ ထုတ်ကုန်များကို ပြသပေးလျက်ရှိကြောင်း သိရသည်။


**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ် ရွေ့လျား

နေပြည်တော် မတ် ၃

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး၊ မြန်မာနိုင်ငံ၊ ကိုကိုးကျွန်း (Coco Island) မြို့၏ အနောက်တောင်ဘက် ရေမိုင် (၇၆၀) မိုင်ခန့်၊ ဟိုင်းကြီးကျွန်း (Hainggyigyun) မြို့၏ အနောက်တောင်ဘက် ရေမိုင်(၈၇၅) မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ၊ ထရီကိုမာလီ(Trincomale)မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင်(၁၉၀)မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ နာဂါပတ္တနမ် (Nagapattinam)မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင်(၃၅၀) မိုင်ခန့်၊ ပူဒူချယ်ရီ(Puducherry) မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် (၄၁၀) မိုင်ခန့်နှင့် ချင်းနိုင်(Chennai) မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် (၄၅၅) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သူနာပြု၊ သားဖွား (ဒီပလိုမာ) သင်တန်းဆင်း သစ်လွင်ဝန်ထမ်းသူနာပြု ဆရာ ဆရာမများအား တွေ့ဆုံ

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းခွင် ဝင်ရောက်မည့် သူနာပြု၊ သားဖွား (ဒီပလိုမာ) သင်တန်းဆင်း သစ်လွင်သူနာပြု ဆရာ ဆရာမများအား တာဝန်ကျဒေသများသို့ မထွက်ခွာမီ ဗဟုသုတရရန်နှင့် အပန်းဖြေနိုင်ရန် ပြင်ဦးလွင်မြို့သို့ လေ့လာရေးခရီး ဆောင်ရွက်ပေးခဲ့ရာ မန္တလေးမှ မထွက်ခွာမီ အဆိုပါဆရာ ဆရာမများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြု သင်တန်းကျောင်း (မန္တလေး) သို့ ယမန်နေ့နံနက်ပိုင်းက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ လေ့လာရေးအဖွဲ့အား ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့၊ အဖွဲ့ဝင် (၁) ဒုတိယ ဗိုလ်မှူးကြီး မျိုးထက်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကာ ခရီးစဉ်တစ်လျှောက် လိုက်ပါဆောင်ရွက်ပေးခဲ့ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိစဉ် သစ်ခွခြံများ၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ လိပ်ပြာမျိုးစုံပြခန်းများ၊ ပန်းမန်မျိုးစုံ စိုက်ပျိုးထားရှိမှုများအား လိုက်လံကြည့်ရှုလေ့လာ အပန်းဖြေကြသည်။

ထို့နောက် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ပွဲကောက်ရေတံခွန်သို့ ဆက်လက်ထွက်ခွာလာပြီး အဆိုပါ ရေတံခွန်တွင် အသစ်ပြန်လည်ပြုပြင် မွမ်းမံထားသော မှန်တံတား၊ ရေတံခွန်များ ကြည့်ရှုအပန်းဖြေကာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဆက်လက်၍ ဒီဇင်ဘာပန်းခြံသို့ ရောက်ရှိအပန်းဖြေပြီးနောက် မန္တလေးမြို့သို့ ပြန်လည် ထွက်ခွာလာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (တီတီစီ) တွင်သတင်း အမှား၊ အမှန် ခွဲခြားသုံးသပ်နိုင်ရေး ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၃

**ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသော သတင်းမှား၊ သတင်းအမှန် ခွဲခြားသုံးသပ်နိုင်စေရေး အသိပညာပေး ဆွေးနွေးပွဲကို ၃-၃-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (တီတီစီ) တွင် ကျင်းပခဲ့သည်။** (အောက်ပုံ)



အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် လယ်ဝေး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ (ပြည့်အောင်) နှင့် တွဲဖက်အတွင်းရေးမှူး (၂) ဦးသက်နိုင်ဦးတို့က တက်ရောက်ဆွေးနွေး ဟောပြောခဲ့ကြရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် သတင်းများကို အမှား/အမှန် ခွဲခြား သုံးသပ်နိုင်စေရန် သာဓကများ၊ အချက်အလက်များ အပြည့်အစုံဖြင့် ဆွေးနွေးခဲ့ကြပြီး လူမှုကွန်ရက် စာမျက်နှာများတွင် ဖော်ပြလျက်ရှိသော သတင်းများကို နည်းပညာများ အသုံးပြု၍ အမှန်အမှား ခွဲခြားသုံးသပ်နိုင်မည့် နည်းလမ်းများအပြင် ကျောင်းသားလူငယ်များ အနေဖြင့်အမိနိုင်ငံတော်ကို ချစ်မြတ်နိုးရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ စာပေဖတ်ရှုလေ့လာမှုပြုကြရေး၊ မိဘဆရာသမားတို့၏ကွပ်ကဲမှု အနည်းဆုံးဖြင့် အောင်မြင်မှုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် အကြောင်းများကိုလည်း ထည့်သွင်းဆွေးနွေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ သမိုင်းစာအုပ်များနှင့် အခြားသိမှတ်ဖွယ်ရာ စာအုပ်များကို ဥက္ကဋ္ဌဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး ကျောင်း (တီတီစီ) က ကျောင်းအုပ်ဆရာမကြီးထံသို့ အမှတ်တရ လက်ဆောင် ပေးအပ်ပြီးနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအနေဖြင့် သတင်း အမှန်အမှား ခွဲခြားသုံးသပ်နိုင်စေရေး ဟောပြောပွဲများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များပေါ်မူတည်၍ အခြေခံ ပညာကျောင်းများတွင် ဆက်လက် ပြုလုပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့၌ ကမ်းပြိုကာကွယ်ရေးအတွက် ကျောက်စီမြေထိန်းနံရံတည်ဆောက်မှုပြီးစီး

**ပခုက္ကူ မတ် ၃**

ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက် ရွှေချောင်းတံတား အနီးတွင် ရွှေချောင်းရေကြီးပြီး ကမ်းပါးပြိုကျမှု အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ကာကွယ်နိုင်ရေး အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် တည်ဆောက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက်သည် ဧရာဝတီမြစ်ကြီး အတွင်း ဝင်ရောက်စီးဆင်းသော ရွှေချောင်းအတွင်း တည်ရှိပြီး ရွှေချောင်းတံတားလည်း တည်ဆောက်ထားရှိကြောင်း၊ အဆိုပါ ရပ်ကွက်နေ ပြည်သူများမှာ မိုးရာသီကာလများတွင် ရွှေချောင်း ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုပြီး လူနေအိမ် ပြောင်းရွှေ့ရသည့် အန္တရာယ်များ နှစ်စဉ် ကြုံတွေ့နေရကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်တို့မှ ကင်းဝေးစေရေးအတွက် ရပ်ကွက်နေ ပြည်သူများက ကမ်းပြိုကာကွယ်ရေး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး တင်ပြတောင်းခံခဲ့သဖြင့် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂၊ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၈၅ သန်းဖြင့် တင်ဒါအောင်မြင်သော ဂုဏ်ရောင်ထွန်း ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လုပ်ကိုင်ရန် ခွင့်ပြုချထားပေးခဲ့ကြောင်း၊ အဆိုပါ ကုမ္ပဏီက ဇန်နဝါရီ ၁ ရက်မှ စတင်၍ အလျားပေ ၆၅၀ အရှည်ရှိ ကွန်ကရစ်ပိုင်းအခြေပြု ကျောက်စီမြေထိန်းနံရံ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို တာဝန်ယူ အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံက သိရသည်။



**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**



## လေပြင်းဘေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရွှေတောင် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျီးသဲအုပ်စု ညောင်လှကျေးရွာ ယနေ့နံနက်ပိုင်းက လေပြင်းကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျီးသဲကျေးရွာအုပ်စု၊ ညောင်လှကျေးရွာရှိ အိမ်ခြေ ၅၀ ကို တစ်အိမ်ထောင်လျှင် ဝါးထရံလေးချပ်၊ ဝါးအလုံး ၂၀၊ သွပ်နန်းကြိုးခွေတစ်ခွေ တန်ဖိုးငွေကျပ် သုံးသောင်းနှုန်းဖြင့် အိမ်ခြေ ၅၀ အတွက် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀၀ အကုန်အကျခံ၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

# စားသုံးဆီဖူလုံဖို့ နေကြာတိုးချဲ့စိုက်ကြစို့

မောင်သိန်း

### မြန်မာလူမျိုးတို့၏ ဆီစားသုံးမှု

ကမ္ဘာတွင် လူတို့၏ စားသုံးမှုပုံစံများ၌ ဆီစားသုံးမှုသည် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသကဲ့သို့ မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှု အလေ့အထတွင်လည်း စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ မပါမဖြစ် ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် "ဆီရွှဲ ဖွဲတောင် ဟင်းဖြစ်" ဟု တင်စားရလောက်အောင် စားသုံးဆီကို နှစ်ခြိုက်စွာ စားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင် ဖြစ်ပါသည်။ တခြားသော လူမျိုးများနှင့် နှိုင်းယှဉ်လျှင် မြန်မာလူမျိုးများသည် ရှေးယခင်ကတည်းက နှမ်းနှင့် မြေပဲမှရရှိသော ဆီကို အဓိကထား စားသုံးကြပြီး မုန်ညင်းဆီကို ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြပါသည်။

ယခင်က မြန်မာနိုင်ငံတွင် **"ဆီကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါးတောင်လိုပုံ"** တင်စားရလောက်အောင် စားသုံးဆီ ပေါများခဲ့သော်လည်း လက်ရှိတွင် မြန်မာနိုင်ငံ၏လူဦးရေ တိုးတက်လာသည်နှင့်အမျှ ဆီစားသုံးမှု များပြားလာသကဲ့သို့ ဆီထွက်သီးနှံအဖြစ် အဓိကစိုက်ပျိုးသော မြေပဲနှင့် နှမ်းသီးနှံတို့ကို ပြည်တွင်း၌ ဆီကြိတ်ခြင်းထက် ပြည်ပသို့ အစေ့အဆန်အဖြစ် တင်ပို့မှု ပိုမိုများပြားလာနေခြင်းကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံလာစေရန် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။

### မြန်မာနိုင်ငံ၌ နေကြာစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်းတို့ကို အဓိက စိုက်ပျိုးလျက်ရှိပါသည်။ နေကြာသီးနှံကို မိုးရာသီတွင် ၂၂ ရာခိုင်နှုန်းခန့်နှင့် ဆောင်းရာသီတွင် ၇၅ ရာခိုင်နှုန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ နေကြာသီးနှံကို အဓိကအားဖြင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင် သီးထပ် သီးညှပ်အနေဖြင့် မိုးနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် နေကြာမျိုးများအနေဖြင့် ဆင်းရွှေကြာ၊ ဆင်းရွှေကြာ (၁) (၂) (၃) မျိုးများနှင့် ရေဆင်းစပ်မျိုး -၁ ကိုလည်း အဓိက စိုက်ပျိုးလျက်ရှိပြီး တစ်ဧကမှ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၂၅ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ နေကြာသီးနှံမှ ဆီထွက်ရှိမှုအနေဖြင့် တစ်တင်းလျှင် ၂ ဒသမ ၅ ပိဿာနှုန်းရှိပြီး ထွက်ရှိလာသမျှသော နေကြာစေ့များကို စားသုံးဆီအဖြစ် ကြိတ်ပါက နှစ်စဉ် ဆီတန်ချိန် ငါးသောင်းကျော် ထွက်ရှိနိုင်ပါသည်။

### နေကြာဆီ၏ ကောင်းကျိုးများ

မြန်မာနိုင်ငံတွင် နေကြာစေ့ကို လှော်ပြီး စားသော အလေ့အထ များပြားပြီး ယခုကာလများတွင် နေကြာဆီစားသုံးမှုမှာလည်း များပြားလာပြီဖြစ်ပါသည်။ နေကြာစေ့နှင့် နေကြာဆီသည် နှလုံးကျန်းမာရေးကို အကျိုးပြုပြီး သွေးအတွင်းကိုလက်စထရော လျော့နည်းအောင် ကူညီပေးခြင်း၊ နေကြာစေ့တွင်ပါဝင်သည့် အမိုင်နိုအက်စစ်က ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှု ကောင်းမွန်စေခြင်းကြောင့် အမျိုးသမီးများ ဓမ္မတာလာသည့်အခါ စိတ်တိုလွယ်ခြင်း၊ စိတ်ဆတ်ခြင်းစသည့် စိတ်ပိုင်းဆိုင်ရာပြဿနာများ မဖြစ်အောင် ကူညီပေးကြောင်း သိရှိရသည်။ ထို့ပြင် နေကြာစေ့တွင် ကာဗိုဟိုက်ဒရိတ် ပါဝင်သောကြောင့် ဦးနှောက်စုပ်ယူနိုင်မှုစွမ်းအင်ကို ပိုအားကောင်းစေပြီး နေကြာစေ့တွင်ပါဝင်သည့် ဇင့်ဓာတ်ကလည်း အမျိုးသားများ မျိုးအောင်စေရန် အထောက်အကူပြုပါသည်။

နေကြာစေ့တွင် စိတ်ဖိစီးမှုကို လျော့ကျစေသည့် အာဟာရဓာတ်များအပြင် အိပ်ပျော်စေသည့် သတ္တုဓာတ်များလည်း ပါဝင်ပါသည်။ နေကြာစေ့တွင်ပါဝင်သည့် အမိုင်နိုအက်စစ်က အိပ်ပျော်စေရန် အပြည့်အဝ စွမ်းဆောင်နိုင်ပါသည်။ ထို့ကြောင့် ညဘက် အိပ်မပျော်မှုများဖြစ်လျှင် အိပ်ခါနီးတွင် နေကြာစေ့ နည်းနည်းလောက်စားပြီးမှ အိပ်သင့်ကြောင်း မှတ်သားဖတ်ရှုရပါသည်။ ထို့အပြင် အစာအိမ်နှင့် အူလမ်းကြောင်းကို ပုံမှန်ဖြစ်စေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်နိုင်သည်ဟုလည်း သိရှိရပါသည်။



မိုးနဲမြို့နယ်အတွင်း စိုက်ပျိုးအောင်မြင်နေသော နေကြာခင်းများ။

◆ **မြန်မာနိုင်ငံတွင် နေကြာမျိုးများအနေဖြင့် ဆင်းရွှေကြာ၊ ဆင်းရွှေကြာ (၁) (၂) (၃) မျိုးများနှင့် ရေဆင်းစပ်မျိုး -၁ ကိုလည်း အဓိက စိုက်ပျိုးလျက်ရှိပြီး တစ်ဧကမှ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၂၅ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ နေကြာသီးနှံမှ ဆီထွက်ရှိမှုအနေဖြင့် တစ်တင်းလျှင် ၂ ဒသမ ၅ ပိဿာနှုန်းရှိပြီး ထွက်ရှိလာသမျှသော နေကြာစေ့များကို စားသုံးဆီအဖြစ် ကြိတ်ပါက နှစ်စဉ် ဆီတန်ချိန် ငါးသောင်းကျော် ထွက်ရှိနိုင်ပါသည်**

နေကြာသီးနှံ စိုက်ပျိုးမည်ဆိုလျှင် အစိုဓာတ်ထိန်းနိုင်သည့် နုန်းဆန်မြေ၊ သဲနုန်းမြေများတွင် ဖြစ်ထွန်းပြီး မြေဆီထက်သန်သော မြေမျိုးကို နှစ်သက်သည်။ စိုက်ပျိုးရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ပြုပြင်ရန်နှင့် စိုက်ခင်းမြေမျက်နှာပြင်ညီညာရန် လိုအပ်ပါသည်။ မျိုးကောင်းမျိုးသန့်များကို သုံးစွဲစိုက်ပျိုးကြရပါမည်။ လိုအပ်သော အပင်ပြုစုစောင့်ရှောက်နည်းများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကိုလည်း ဂရုတစိုက်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### တောင်သူများအတွက် အကျိုးအမြတ်

မြန်မာနိုင်ငံမှာ နေကြာသီးနှံကို သီးသန့်/သီးထပ်/သီးညှပ် စိုက်ပျိုးကြပါသည်။

သီးသန့်စိုက်ပျိုးခြင်းမှာ စိုက်ပျိုးမြေကွက်ပေါ်တွင် နေကြာသီးနှံချည်း စိုက်ပျိုးခြင်း ဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးခြင်းမှာ ပထမသီးနှံ ရိတ်သိမ်းအပြီးတွင် ဒုတိယသီးနှံအဖြစ် အဆိုပါမြေကွက်ပေါ်တွင် စိုက်ပျိုးခြင်းဖြစ်သည်။ အခြေအနေပေးလျှင် ဒုတိယသီးနှံအပြီး တတိယသီးနှံကို ဆက်လက်စိုက်ပျိုးနိုင်သေးသည်။ မိုးဦးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် မြေလပ်မထားဘဲ လက်ကျန် မြေတွင်းအစိုဓာတ်ကို အကျိုးရှိစွာ အသုံးချသောအားဖြင့်လည်းကောင်း၊ မိုးနှောင်းမိုးကို မျှော်ကိုးသောအနေဖြင့်လည်းကောင်း နေကြာသီးနှံကို စိုက်ပျိုးနိုင်သည်။ သီးညှပ်စိုက်ပျိုးခြင်းမှာ နေကြာချည်း သီးသန့်စိုက်ပျိုးခြင်းမပြုဘဲ အခြားသီးနှံ တစ်မျိုးမျိုးနှင့် တစ်ပြိုင်တည်း စိုက်ပျိုးခြင်းမျိုးဖြစ်သည်။ သီးနှံနှစ်မျိုးလုံးကို ကြဲပက်ကာ သီးရောစိုက်ပျိုးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း အများစုစိုက်ပြီး အဓိကအားဖြင့် သီးနှံ နှစ်မျိုးလုံးကို အတန်းလိုက် စိုက်ပျိုးကြသည်။ ဥပမာ-ပဲတီစိမ်းနှင့် သီးညှပ်စိုက်နိုင်သည်။ ပဲတီစိမ်းအတန်း လေးတန်းခြားတိုင်း နေကြာတစ်တန်းကို တစ်ပင်နှင့်တစ်ပင် တစ်ပေအကွာထားပြီး စိုက်ပျိုးနိုင်သည်။ ပဲတီစိမ်းလည်းရ၊ စားသုံးဆီလည်း ရနိုင်သဖြင့် တောင်သူများအတွက် စီးပွားရေးအကျိုးအမြတ် ရှိကြောင်း သိရသည်။

### တိုးချဲ့စိုက်ပျိုးကြရန်လိုအပ်

နေကြာစေ့နှင့် နေကြာဆီသည် စားသုံးသူများ၏ ကျန်းမာရေးကို ကောင်းမွန်စေရုံသာမက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိနိုင်သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ လယ်မြေယာမြေ၊ ကိုင်းကျွန်းမြေနှင့် မြစ်ဝကျွန်းပေါ်ဒေသများပါမကျန် စိုက်ပျိုးနိုင်သည့် သီးနှံဖြစ်ကြောင်းနှင့် နေကြာသီးနှံကို သီးသန့်စိုက်ပျိုးခြင်း၊ အခြား ယာသီးနှံများနှင့် နေကြာသီးနှံ သီးထပ်သီးညှပ် စိုက်ပျိုးခြင်းတို့ဖြင့် တိုးချဲ့စိုက်ပျိုးကြရန်လည်း တိုက်တွန်းလိုက်ရပါသည်။ ။

❍ **နေကြာစေ့တွင် စိတ်ဖိစီးမှုကို လျော့ကျစေသည့် အာဟာရဓာတ်များအပြင် အိပ်ပျော်စေသည့်သတ္တုဓာတ်များလည်း ပါဝင်ပါသည်။ နေကြာစေ့တွင် ပါဝင်သည့် အမိုင်နိုအက်စစ်က အိပ်ပျော်စေရန် အပြည့်အဝ စွမ်းဆောင်နိုင်ပါသည်။ ထို့ကြောင့် ညဘက် အိပ်မပျော်မှုများဖြစ်လျှင် အိပ်ခါနီးတွင် နေကြာစေ့နည်းနည်းလောက်စားပြီးမှ အိပ်သင့်ကြောင်း မှတ်သားဖတ်ရှုရပါသည်။ ထို့အပြင် အစာအိမ်နှင့် အူလမ်းကြောင်းကို ပုံမှန်ဖြစ်စေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်နိုင်သည်ဟုလည်း သိရှိရပါသည်**



ကိုးကား
- https://hellosayarwon.com/healthy eating/nutrition-facts/နေကြာစေ့တွေရဲ့ ကျန်းမာရေး၊ စွမ်းအင်
- https://my healthy – food-near-me.com/sunflower-oil description-of-the-oil-health-benefits-and-harmas/
- ဆရာဆင်းသီဟ၏ (အစိမ်းရောင်လမ်းတွင် ဖော်ပြပါရှိသည့် သီးသန့်သီးထပ်သီးညှပ်စိုက်ပါ ဆီထွက်နေကြာဆောင်းပါးမှ ကောက်နုတ်ချက်)
- မိသားစုအာဟာရနှင့် မြန်မာအစာ (၁၉၉၀ ဇန်နဝါရီလ) ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနခွဲ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် စက်မှုလက်မှုသိပ္ပံ(ဘားအံ)၏တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၃**

နှစ်စဉ်ကျောင်းသား ကျောင်းသူ ၆၀၀ ခန့်မှ ၁၀၀၀ ခန့်အထိ တက်ရောက်ပညာသင်ကြားနိုင်သော အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)ကို ဘားအံမြို့ တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်းအနီးတွင် တည် ဆောက်လျက်ရှိရာ မတ် ၃ ရက် မွန်းလွဲ ၁ နာရီခန့်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)တွင် သီဟမင်းဆွေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၂၁၇ x ၃၁၀) ပေ သံကူကွန်ကရစ်သုံးထပ် ပင်မဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမိုးမိုးကြည်နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှားမူလာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၁၂၅ x ၈၂ x ၁၈) ပေ Steel Structure တစ်ထပ်အလုပ်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ထူးမြတ်ဂုဏ်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော (၂၁၁ x ၇၀) ပေ RC နှစ်ထပ် နန်းငုဝါကျောင်းသူအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ နန်းထိုက်ဝင်းကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော (၇၈ x ၉၄) ပေ RCC လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ထူးမြတ်လျှံကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၇၈ x ၉၄) ပေ RCC လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ် ခြင်းလုပ်ငန်း၊ စိုးမိုးသူကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော (၂၁၁ x ၇၀) ပေ RCC သုံးထပ်ကျောင်းသားအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ သမိန်ဗရမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၇၈ x ၉၄) ပေ RCC လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း အတွင်းရှိ ပေ (၈၀ x ၄၀)သံဃာစင်ပါ သုသာန်ဇရပ်နှင့် မီးသင်္ဂြိုဟ်စက် တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များအား ရေဝတီတိုင်းဒေသကြီး၌ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် မတ် ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများ၏(၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။



တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှုများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး၊ လက်အောက် တရားရုံးများကို စိစစ်ကြပ်မတ်ပြီး မှားယွင်းချွတ်ချော်မှုများကိုပြင်ဆင်တည့်မတ်ပေးရေး၊ သီးသန့် တရားရုံးများဖြင့် စစ်ဆေးနေသည့် အမှုများ ကြန့်ကြာမှုမရှိစေဘဲမှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များဖြင့် တရားစီရင်ရေး ကျင့်ဝတ်များကို လေးစားလိုက်နာစေ‌ရေးနှင့် ၂၀၂၂ ခုနှစ် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ် လုပ်ငန်း အစီအစဉ်အောင်မြင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေး စသည့် မှာကြားချက်များအား ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပုသိမ်ခရိုင်နှင့်မြို့နယ် တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၂၁ ဦး၊ ကျန်ခရိုင်/မြို့နယ် တရားသူကြီးများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# မြေပုံမြို့နယ်၌ ငါးသလောက်သယံဇာတ ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**မြေပုံ မတ် ၃**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ငါးသလောက်သယံဇာတ ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ မတ် ၁ ရက်က မြေပုံမြို့နယ် မင်းကြောင်းမြစ်ကြောင်းရှိ ကျောက်နွားကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ရွှေက ငါးသလောက်သယံဇာတ ထိန်းသိမ်းရေး နှင့် စပ်လျဉ်း၍ပြောကြားရာတွင် ငါးသလောက်မဖမ်းဆီးရသည့်ရာသီ၊ ဧရိယာကိုအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ကန့်သတ်ရသည့်အကြောင်း၊ ငါးသလောက်ငါးမျိုးသည်ရေငန်တွင် ကြီးပြင်ပြီးရေချိုတွင် ဥချသားပေါက်သည့် ရွှေ့ပြောင်းသွားလာတတ်သော ငါးမျိုးဖြစ်ကာ(ဧပြီ၊မေ)လများတွင် ဥချသားပေါက်ရန် မင်းကြောင်းမြစ်မှတစ်ဆင့် ရေချိုချောင်းဖျားသို့ ဆန်တက်ကြ၍ (စက်တင်ဘာ၊အောက်တိုဘာ)လများတွင် ရေငန်ပင်လယ်ပိုင်းသို့ အဆိုပါ မြစ်ကြောင်းမှတစ်ဆင့် ပြန်လည်ဆင်းသွားပြီး ပင်လယ်ပြင်၌ ကြီးပြင်းကြသည့်အတွက် ၎င်းငါးမျိုးများ ရှင်သန်ကြီးထွားမျိုးပြန့်ပွားစေနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၂)ဖြင့် (ဧပြီလ ၁ ရက်နေ့ မှ မေလ ၃၁ ရက်နေ့အထိ ) နှင့် (စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ) ကာလပိုင်း အခြားများအား ငါးသလောက်မဖမ်းဆီးရ ရာသီနှင့် မြေပုံမြို့နယ် အုန်းကျွန်းခွဆုံမှ မင်းပြားမြို့နယ် မေလွန်းကျေးရွာအထိ နယ်မြေအား ငါးသလောက်မဖမ်းဆီးရ ဧရိယာအဖြစ်သတ်မှတ်ခဲ့ကြောင်းများကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် အရာများကို မေးမြန်းကာ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်နေကြာ ဧက ၅၈၃၀ တိုးချဲ့စိုက်ပျိုးနိုင်

ကြို့ပင်ကောက် မတ် ၃

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ မတ် ၂ ရက် မွန်းလွဲပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် စစ်ကုန်း(၂)ကျေးရွာရှိ တောင်သူဦးမြင့်စိုး၏ ဆင်းရွှေကြာမျိုး နေကြာသီးညှပ်စိုက်ခင်း ၃၀၇ ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး **(ယာပုံ)** ဒေသအတွင်း နေကြာမျိုးများ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မျိုးစုဆောင်းရန်နှင့် နေကြာစိုက်ပျိုးနိုင်သည့် နေရာဒေသများအားလုံးတွင် နေကြာစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီးနောက် ဂုမ္ဘင်းကွင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ တောင်သူဦးသိန်းထွန်း၏ နေကြာသီးသန့် စိုက်ခင်း ၁၀ ဧကအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ပအစားထိုး စားသောက်ကုန်ဖြစ်သော စားသုံးဆီပိုမိုဖူလုံ ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အစီအစဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ တိုင်းဒေသကြီးအတွင်း ပဲစိုက်တောင်သူများထံ နေကြာသီးညှပ်စိုက်ပျိုးနိုင်ရေး နေကြာမျိုး ၂၂၂၅ တင်းအား ကြိုတင်အခမဲ့ဖြန့်ဝေပေးထားနိုင်ခဲ့ပြီး ယခုအခါ ဆီထွက်နေကြာ ဧက ၅၈၃၀ တိုးချဲ့စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ မြို့ရေပေးဝေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်မီးလင်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့နယ် ကြို့ပင်ဝိုင်းကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်၁၂၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော မြေသား (၀/၆ ဒသမ ၈၄) ဖာလုံနှင့် ဂဝံလမ်း(၀/၆ ဒသမ ၈၄)ဖာလုံ လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းလှမြို့နယ် ညောင်နီကုန်းကျေးရွာ တောင်သူ ဦးမြင့်နိုင်၏ ဟင်းသီးဟင်းရွက် GAP စနစ်ဖြင့် ခရမ်းချဉ်ရှစ်ဧက စိုက်ပျိုးအောင်မြင်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်တွင်းဈေးကွက် ခိုင်မာမှုရှိစေရေးနှင့် ဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့်များအား တစ်ဦးချင်းမှသည် အများအပြား ရွေးချယ်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ၎င်းနောက် သာယာဝတီဘူတာအား သွားရောက်ကြည့်ရှုခဲ့ပြီး ဘူတာနှင့် ဘူတာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေးနှင့် ဌာနပိုင်မြေအတွင်း ကျူးကျော်နေထိုင်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




တင်စိုး(ပဲခူး)

# ဆေးထိုးနှံနိုင်သည့်နေရာများသို့ ဆေးများ အချိန်မီရောက်ရှိရေးနှင့် လေလွင့်ပျက်စီးမှုမရှိရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်

စစ်ကိုင်း မတ် ၃

**စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၈/၂၀၂၂)ကို မတ် ၃ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း ဧပြီလအကုန်တွင် ကာကွယ်ဆေးထိုးနှံပေးရမည့် လျာထားချက် အရေအတွက်အား ပြည့်မီစွာထိုးနှံနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးက ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆေးထိုးနှံနိုင်သည့်နေရာများသို့ ဆေးများ အချိန်မီရောက်ရှိရေးနှင့် လေလွင့်ပျက်စီးမှု မရှိရေးကို အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရည်မှန်းချက် ရည်ရွယ်ချက်ကောင်းဖြင့် လုပ်သင့်လုပ်ထိုက်သည်များအား ဝိုင်းဝန်း ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Quarantine Center ၊ Positive Center များကို လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများကို အသိစိတ်ဓာတ် ကိုယ်စီဖြင့် လိုက်နာနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ကာကွယ် ထိန်းချုပ်ရေးအတွက် အသိပညာပေးမှုများကို ပြည်သူအားလုံး သိရှိလိုက်နာဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရောဂါပိုး စစ်ဆေးမှုနှင့် ကာကွယ်ဆေး ထိုးနှံခြင်းများကို တာဝန်ရှိသူများ အနေဖြင့် အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာကွယ် ထိန်းချုပ်မှုများကိုလည်း တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းကာ အသိတရားဖြင့် လိုက်နာကြရန် ပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန် ရှိသူများက နေ့စဉ်ရောဂါပိုး စစ်ဆေးတွေ့ရှိမှု၊ ဆေးရုံတက်ရောက် ကုသမှုနှင့် ဆေးရုံဆင်းမှု၊ သတ်မှတ်လျာထားချက် ပြည့်မီအောင် ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ အောက်ဆီဂျင် ထုတ်လုပ်သုံးစွဲမှု၊ မြို့ဝင်မြို့ထွက် နေရာများတွင် ကျန်းမာရေး စစ်ဆေးရေးစခန်းများ ချထား၍ စစ်ဆေးဆောင်ရွက်နေမှု၊ Quarantine Center နှင့် Positive Center ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုံခြုံရေး ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ပြည်သူများ အသိနှင့် သတိရှိရေးအတွက် အသိပညာပေးရေးနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကူးစက်မှု လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စာဖတ်ဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပ၍ စာပေဖတ်ရှုသော အလေ့အကျင့်ကောင်းများအား ပြုစုပျိုးထောင်

ပြင်ဦးလွင် မတ် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာရေးဆရာများ၊ စာပေချစ်မြတ်နိုး တန်ဖိုးထားသူများနှင့်အတူ စာပေမှရသော အသိအမြင်ဗဟုသုတများ ပြန့်ပွားစေရန် စာဖတ်ဝိုင်းကို လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ စာဖတ်ဝိုင်းတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြင်ဦးလွင်မြို့နယ်စာရေးဆရာအသင်းနှင့် ပူးပေါင်း၍ စာပေဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများကို ပူးပေါင်းကျင်းပလေ့ရှိပါကြောင်း၊ ထိုသို့ကျင်းပခြင်းမှာ ပြည်သူများအနေဖြင့် အသက်အရွယ်အလိုက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာပြီး ဗဟုသုတအတွေးအမြင်များ ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စာဖတ်ဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပ၍ စာပေဖတ်ရှုသော အလေ့အကျင့်ကောင်းများအား ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စာရေးသူငုရွှေဝါ ရေးသားသည့် "နှံ့" အတွေးအမြင် ဆောင်းပါးအား ဖတ်ကြားပြီး ဆောင်းပါးနှင့်ပတ်သက်သော အကြောင်းအရာများကို မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးသုံးသပ်ကြသည်။ ထို့နောက် စာဖတ်ဝိုင်း ထပ်မံကျင်းပမည့် အစီအမံများ၊ ကျင်းပမည့် ခေါင်းစဉ်များနှင့်ပတ်သက်၍ အစည်းအဝေးတက်ရောက်သူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။



ဖြူလူသစ် (ပြန်/ဆက်)

# (၁၁)ကြိမ်မြောက် ဓမ္မာစရိယနှင့် (၆၄) ကြိမ်မြောက် ပါဠိပထမပြန်စာအောင် စူဠွဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**မုဒုံ မတ် ၃**

၂၀၂၂ ခုနှစ်တွင် (၁၁) ကြိမ်မြောက် ဓမ္မာစရိယနှင့် (၆၄) ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲကို အောင်မြင်တော်မူကြသော စာအောင်အရှင်သူမြတ်တို့အား စာအောင်စူဠွဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၁ ရက်က မွန်ပြည်နယ် မုဒုံမြို့နယ် ကန်ကြီးသာသနာ့ဗိမာန်တော်ကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွက်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ရာ မုဒုံမြို့နယ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဦးဆောင်နာယက မြို့နယ်သံဃနာယက (သုဓမ္မာ)ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဂျိုးဂျိုးကျ တောရကျောင်း ဆရာတော် ဘဒ္ဒန္တ ကိတ္တိဝဏ္ဏာထံမှ သြဝါဒကထာချီးမြှင့်ပြီး ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကာ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ဓမ္မာစရိယ (သာသနာ့ဓဇဓမ္မာစရိယ) ဘွဲ့ရသံဃာတော်၊ သီလရှင်ကိုးပါး၊ ပါဠိပထမပြန် စာမေးပွဲတွင် ပထမကြီးတန်းအောင် သံဃာကိုးပါးတို့အား အောင်လက်မှတ်နှင့် ဝတ္ထုငွေများကိုလည်းကောင်း၊ နာယက ဆရာတော် ၁၁ ပါး၊ ဓမ္မာစရိယ ကြီးကြပ်ဆရာတော်ကိုးပါး၊ ပါဠိပထမပြန် ကြီးကြပ်ဆရာတော် ၂၁ ပါး၊ စာချဆရာတော် ၃၂ ပါးတို့အား ဂုဏ်ပြုချီးမြှင့်ဝတ္ထုငွေများတို့ကို လည်းကောင်း၊ ပထမလက်တန်း အပါး ၃၀၊ ပထမငယ်တန်း ၄၃ ပါးနှင့် အခြေခံမူလတန်းအောင် ၁၀၄ ပါး စသည့် စာအောင် သံဃာများအား သက်ဆိုင်ရာ ကျောင်းတိုက်အရောက် အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း စုစုပေါင်းဝတ္ထုငွေကျပ် ၅၁၂၃၀၀၀ အား မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်ကပ်ကြပြီး ဂျိုးဂျိုးကျ ဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**အောင်မျိုးသူ(ပြန်/ဆက်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ရှိ မြို့မဘုန်းတော်ကြီးကျောင်း၊ ခတ်စွမ်းဟုန်ဘုန်းတော်ကြီးကျောင်း၊ သဗ္ဗညုဘုန်းတော်ကြီးကျောင်း၊ ပရဟိတ ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ပင်မဗုဒ္ဓဝါဒီ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ မြို့ဦး ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ မဟာသန္တိသုခဘုန်းတော်ကြီး ကျောင်းတိုက်၊ စစ်တွေမြို့ရှိ တြိတဲ ဘုန်းတော်ကြီး ကျောင်းတိုက်၊ မြောက်ဦးမြို့ရှိ မြို့သစ်ပရိယတ္တိစာသင်တိုက်၊ မဟာဝိဇယျာရုံသီ ဘုန်းတော်ကြီး ကျောင်းတိုက်၊ နတ်တောင် ဘုန်းတော်ကြီး ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ပင်လုံတပ်ဦးပရိယတ္တိစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်း အေးငြိမ်းရိပ်သာ ကျောင်းတိုက်တို့ရှိ ဆရာတော် **(အပေါ်ပုံ)**၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗန်းမောက်မြို့နယ်၌ ဘူမိဖဿဗုဒ္ဓရုပ်ပွားတော်ကို မဟာသန္တိဝရဓာတ်ပေါင်းစုစေတီတော်ရင်ပြင်သို့ ပင့်ဆောင်ပူဇော်

**ဗန်းမောက် မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသစိတ် နန်းဇားကျေးရွာတွင် ယနေ့နံနက် ၈ နာရီက ထုလုပ်ပြီးစီးခဲ့သော ကိုးပေအမြင့်ရှိ ဘူမိဖဿ ဗုဒ္ဓရုပ်ပွားတော်ကြီးကို မဟာသန္တိဂရ ဓာတ်ပေါင်းစုစေတီတော်ရင်ပြင်ပေါ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်သံဃာတော်များအား ဧည့်ပရိသတ်များက လှူဒါန်းဖွယ်ရာများ လှူဒါန်းပူဇော်ပြီး နန်းဇားဆရာတော် အရှင်ဉာဏသေဋ္ဌ (ဓမ္မာစရိယ B.A)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ချီးမြှင့်တော်မူကြသည်။ ထို့နောက် နန်းဇားဆရာတော်က သြဝါဒကထာ ချီးမြှင့်ပေးပြီး ရေစက်ချ အမျှဝေပေးကာ ဦးသောပါကက ရောင်ခြည်တော်ဖွင့် ဘုရားပင့် ဂါထာဖြင့်ရွတ်ဆို၍ ဆရာတော်သံဃာတော်များ၊ ဂေါပကအဖွဲ့များ၊ ဘုရားဒါယကာ ဒါယိကာမများ၊ ကျောင်းဒကာ ကျောင်းအမများ၊ သကျမျိုးနွယ်သာကီဝင် မင်းညီမင်းသားများ၊ ကျောင်းသူ ကျောင်းသားများနှင့် လူပျိုအပျိုများက သာသနာ့ အလံတော်များကို ကိုင်ဆောင်ပြီး ကနန်းရိုးရာ တူရိယာအတီးအမှုတ် အကအခုန်များဖြင့် ဘုရားရှင်၏ လှည်းယာဉ်တော်ကို ကြိုးနှင့်ဆွဲ၍ မဟာသန္တိဝရဓာတ်ပေါင်းစု စေတီတော်ရင်ပြင်ပေါ်သို့ အောင်မြင်စွာ ပင့်ဆောင်ခဲ့ကြသည်။

ကနန်းဒေသစိတ်အတွင်းရှိ ပြည်သူများနှင့် ဘုရားဖူးဧည့်သည်များ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ပလ္လင်မှစ၍ ဉာဏ်တော်အမြင့်ကိုးပေရှိသည့် ဘူမိဖဿမုဒြာထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၉ ရက်က သဘာဝဘေးဒဏ်ကြောင့် ပြိုလဲခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ရှိ အမြင့် ၅၃ တောင်၊ လုံးပတ်ပမာဏ ၁၅ တောင် တစ်မိုက်ရှိသည့် အောင်းသရက်ပင်ကြီး၏အသားဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစကာ ကသာမြို့နေ ပန်းပုဆရာကြီး ဦးနောင်နောင်က ထုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

# ဆိပ်ဖြူမြို့နယ်တွင် နွေသီးနှံ ဧက ၅၀၀ အတွက် ရေခေါ်မြောင်းတူး၍ စိုက်ပျိုးရေပေးဝေ

**ဆိပ်ဖြူ မတ် ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဂျေးရွာအုပ်စု အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် နွေသီးနှံ ပဲတီစိမ်း ဧက ၅၀၀ လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ဒေသခံပြည်သူများ ဒေသဝမ်းစာဖူလုံရေး၊ ဒေသခံတောင်သူများ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီမြစ်မှ စိုက်ပျိုးရေယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရက လျှပ်စစ်မြစ်ရေတင် စီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းဧရိယာတွင် နှစ်စဉ် မိုးစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စိုက်ပျိုးရေပြည့်ဝစွာ ရရှိမှုတို့ကြောင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နွေသီးနှံ (ပဲတီစိမ်း) စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးရေအတွက် ရယူသုံးစွဲရာတွင် နွေတစ်ရာသီစာအတွက် ယခင် စိုက်ပျိုးရာသီရေဖိုး ဈေးနှုန်းအတိုင်း တစ်ဧကလျှင် ငွေကျပ်သုံးထောင်သာ သတ်မှတ်ထားရှိပြီး စိုက်ပျိုးရေ ပြည့်ဝစွာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပဓ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဆောင်းညတစ်ညနဲ့ ဖွံ့ဖြိုးရေးအတွေးများ

ခန့်ဇော်(ကျေးလက်)

ပုသိမ်မြို့ရေပေးရေးဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီးနှင့် အတူတက်ရန် ခရီးစဉ်ဖြစ်လာလို့ ဇာတိရွာ မရောက်တာ ခြောက်နှစ်ကျော်၊ ခုနစ်နှစ်… အဖေနဲ့မတွေ့ရတာ သုံးနှစ်ခန့်ရှိပြီ။ အဖေက အသက် (၉၁) နှစ်။ အမေကတော့ အသက် (၈၁) နှစ်… လွန်ခဲ့တဲ့ လေးနှစ်က ကွယ်လွန်သွားပြီ။ ဝန်ကြီးထံခွင့်တောင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေစစ်ရင်း ဇာတိရွာကို ရောက်ဖြစ်ခဲ့ပါတယ်။

### တန်ဖိုးထားထိန်းသိမ်းကြ

ဒီတစ်ခေါက်ခရီးထွက်ရတာ ထူးခြားမှုတွေရှိနေပါတယ်။ ၂၃-၁-၂၀၂၂ ရက်နေ့မှာ ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ ဆိုလာအသေးစားဓာတ်အားစနစ် (Solar Mini–Grid) မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဖွင့်တာဖြစ်တယ်။ ပဲကြီးကျွန်းရွာဟာ မိုးတွင်းမှာ ရေပတ်လည်ဝိုင်းပြီး လျှပ်စစ်မီး (Grid) မရောက်နိုင်တဲ့ရွာ ဖြစ်ပါတယ်။ ရေကျချိန်မှာတော့ မိုးတွင်း ရေတက်တုန်းက သဘာဝကပေးခဲ့တဲ့ မြေဩဇာအဆီအနှစ်တွေ ကြွယ်ဝနေတဲ့စိုက်ပျိုးမြေတွေမှာ စပါးပြီးတော့ ဆောင်းသီးနှံ ပဲ၊ မတ်ပဲ၊ ပဲတီစိမ်းတွေ စိုက်ထားတာ တစ်မျှော်တစ်ခေါ်ပါပဲ။ မြင်မြင်သမျှ အစိမ်းရောင်ပင်လယ်ကြီးနဲ့တူနေတယ်။ ဓာတ်မြေဩဇာ ဈေးကြီးရှားပါးချိန်မှာ သဘာဝကပေးတဲ့ မြေဆီဩဇာကောင်းလို့ တောင်သူတွေ အဆင်ပြေနေတာကို ဝမ်းသာပီတိဖြစ်ရတယ်။ အရာရာ ပြည့်စုံဖို့ဆိုတာ မလွယ်။ တစ်ခုခုတော့ လိုစမြဲပဲ။ ခု ပဲကြီးကျွန်းရွာ မိုးတွင်းမှာ စက်လှေသုံးရ…ကားလမ်း မရှိ။ ရေကျပြီး ခြောက်သွေ့ချိန်မှ ကားသွားလို့ရတယ်။ လျှပ်စစ်မီး (Grid) မရှိ။ သို့သော် ခုတော့ အစိုးရ-ပြည်သူ-ပုဂ္ဂလိကပူးပေါင်းကြိုးစားမှုကြောင့် Solar Mini–Grid ဖြင့် မီးလင်းပြီး အလင်းရောင်အပြင် အသေးစားလုပ်ငန်းတွေ လုပ်နိုင်တော့မယ်။ စိုက်ပျိုးရေးကောင်းလို့ ဝင်ငွေကောင်းနေ အဆင်ပြေနေကြပြီ။ ဆိုလာအသေးစားဓာတ်အားစနစ် (Solar Mini–Grid) အတွက် ၂၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ကြရလို့ တန်ဖိုးထားကြတယ်။ Prepaid Meter စနစ်ဖြစ်ပြီး Smart Digital Meter ကို သုံးထားတယ်။ မီတာခကို Grid ထက် ပိုပေးဆောင်သုံးကြရလို့ တန်ဖိုးထားကြတယ်။ လူ့သဘာဝက အလကားရရင် တန်ဖိုးမထားချင်ကြပေ။ ကိုယ်တိုင်ငွေကြေးထည့်ဝင်ထားပြီး မိမိကိုယ်ပိုင် ဟူသည့် Ownership Mindset ရမှသာလျှင် တန်ဖိုးထားထိန်းသိမ်းကြမယ်။ တန်ဖိုးထားထိန်းသိမ်းရင်တော့ ရေရှည်အတွက်ကောင်းပြီး ပိုကြိုးစားဆောင်ရွက်ကြဖို့လည်း တွန်းအားဖြစ်ပေလိမ့်မယ်။ ပိုကောင်းတဲ့ Prepaid Meter စနစ်တွေ ပြောင်းသုံးကြရမယ်။

၂၄-၁-၂၀၂၂ ရက်နေ့ ပုသိမ်မြို့ရေပေးရေးဖွင့်ပွဲမှာလည်း စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဖွင့်လှစ်ခြင်းဖြစ်တယ်။ မိမိ (၁၀)တန်းတက်ခဲ့တဲ့မြို့၊ ကျေးဇူးရှိခဲ့တဲ့မြို့ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခွင့်ကြုံလို့ ကျေးဇူးရှိတဲ့မြို့ကို ကျေးဇူးဆပ်ခွင့်ရသလို ခံစားရတာလည်း ဝမ်းသာကြည်နူးဖွယ်ဖြစ်တယ်။ ဧရာဝတီတိုင်းရဲ့မြို့တော်ဖြစ်သော်လည်း မြို့ရေပေးရေးစနစ်မရှိသေး။ ခုမှ JICA ODA ချေးငွေဖြင့် DRD နှင့် စည်ပင်သာယာတို့ ပူးပေါင်းဆောင်ရွက်လို့ မြို့ရေပေးရေးစနစ်တစ်ခုဖြစ်လာပြီး ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးနှင့် ပတ်သက်ရင် ၂၀၁၉ သန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဟာ ဒုတိယ




လိုအပ်ချက်အရှိဆုံးတိုင်းဖြစ်ကြောင်း တိုင်းတာဝန်ရှိသူများထံ တင်ပြခွင့်ရခဲ့လို့ ၂၀၃၀ မျှော်မှန်းချက်ပြည့်မီရေး စီမံဆောင်ရွက်ကြရာမှာ အထောက်အကူဖြစ်မယ်လို့ ယုံကြည်လို့ ပျော်ရွှင်ရပါတယ်။ ရေတစ်ယူနစ် ၆၀၀ ကျပ် ကောက်ခံမည်ဟု သိရတယ်။ ချေးငွေဖြစ်လို့ စနစ်တကျ ရေစီမံခန့်ခွဲဖို့လိုတယ်။ ရတဲ့အခွန်အခနဲ့ ချေးငွေပြန်ဆပ်ရမယ်။ ပြင်ဆင်ထိန်းသိမ်းရမယ်။ ရေခွန် ပေးဆောင်ရမှာမို့ အလေအလွင့်မရှိ ဖုံးပေါလအောမသုံးအောင် ထိန်းနိုင်မှာဖြစ်တယ်။ အလကားမရလို့ တန်ဖိုးထားကြရပေမည်။ ချွေတာသုံးစွဲကြရမှာဖြစ်တယ်။

### တိုးတက်မှုအပြည့်

၂၄-၁-၂၀၂၂ ရက်နေ့ ပုသိမ်မြို့မှ ဇာတိရွာအသွား ပုသိမ်-မော်တင်ကားလမ်းတစ်လျှောက် မြင်ကွင်းတွေက စိမ်းလန်းစိုပြည်နေသောသစ်တောစိုက်ခင်းများနဲ့ တိုးတက်မှုအပြည့်။ ယခင် ခြောက်နှစ်ခန့်က တောတောင်တွေမှာ အချို့ ရော်ဘာ စိုက်ထားတယ်။ အချို့ Community Forest(CF) စိုက်ခါစ။ တချို့ တောရိုင်းများ၊ ယခု ခြောက်နှစ်ခန့်အကြာမှာ Community Forest အစီအစဉ်ဖြင့် အပြည့်နီးပါးစိုက်ထားတာ အားရစရာ။ အများစုမှာ မန်ဂျန်ရှားလို့ သိရတယ်။ ၄/ ၅ နှစ်သားလောက်ရှိပြီး ၁၀ နှစ်အတွင်း ထုတ်လုပ်နိုင်မှာဖြစ်လို့ သစ်လိုအပ်ချက်ကို အထောက်အကူဖြစ်စေမှာဖြစ်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်လို့ Win–Win အခြေအနေပဲဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်နိုင်ကြဖို့ ဆန္ဒပြုပါတယ်။

ရွာရောက်တော့ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေရဲ့အခြေအနေ အကဲခတ်ကြည့်တော့ လမ်း၊ ရေ၊ မီး အားလုံး Function ဖြစ်နေတာတွေ့ရတော့ ဝမ်းသာစရာ။ တာဝန်ကျေကြတယ်လို့ စိတ်ထဲထင်မိတယ်။ အဖေ့ကိုတွေ့တော့ ကျန်းမာစွာ၊ သန်မာဆဲ၊ ရွှင်ရွှင်ပြုံးပြုံးနဲ့ သားတော်မောင်ကို ဆီးကြိုနေတာ အတိုင်းမသိ ဝမ်းသာမိ၊ ကျေးဇူးဆပ်ခွင့်ရနေသေးတာ… စောင့်ရှောက်ခွင့်ရှိနေသေးတာကို ကျေးဇူးတင်ရမယ်။ အဖေက အသက် (၉၁) နှစ်ပြည့်ပြီ။ ကိုယ့်ထက်တောင် နုပျိုကျန်းမာနေတာဆိုတော့ ကျေနပ်မိ။ ရွာမှာ ကိုဗစ်-၁၉ တတိယလှိုင်းအကြောင်းမေးတော့ အသက်ကြီးရောဂါအခံရှိသူအချို့တော့ ဆုံးရှုံးခဲ့ရတာ စိတ်မကောင်းစွာ ကြားရတယ်။ သို့သော် ကမ္ဘာလုံးဆိုင်ရာ နေရာတကာမှာ ရင်ဆိုင်ကြုံတွေ့နေရတာဆိုတော့ မတတ်နိုင်။ ခုတော့ ကာကွယ်ဆေးအကျိုးသိသူများ ဆေးထိုးပြီး အချို့ Booster ထိုးပြီး တတိယလှိုင်းကို ကျော်လွှားခဲ့ကြလေပြီ။ စတုတ္ထလှိုင်း မဖြစ်အောင်၊ ဖြစ်လာပါက ကာကွယ်တားဆီးနိုင်အောင် စည်းကမ်းတကျ သတ်မှတ်ချက်များနှင့်အညီ နေထိုင်ကြရေး တိုက်တွန်းဖြစ်ခဲ့တယ်။

### “မြစိမ်းရောင် စီမံကိန်း”ရဲ့အကျိုးကျေးဇူး

ညနေစောင်း မမှောင်ခင် ရေမိုးချိုးပြီး ရွာတွင်းလိုက်ကြည့်… ကိုယ်က Mask တပ်ထားတော့ တချို့ မမှတ်မိ။ နှုတ်ဆက်မေးမြန်းစပ်စုကြည့်တော့ စပါးတွေ မကောင်း… ရှုံးတယ်လို့ ပြောတယ်။ ဘာကြောင့်လဲဆိုတော့ သွင်းအားစုဓာတ်မြေဩဇာ ဈေးကြီးလို့ မသုံးနိုင်လို့ အထွက်နှုန်းကျတယ်ပြောတော့ နိုင်ငံတော်ကလည်း သက်သာသောဈေးနှုန်းနဲ့ သွင်းနိုင်ရေးစီစဉ်နေတဲ့အကြောင်း သတင်းကောင်းပါးရင်း သဘာဝမြေဩဇာသုံးစွဲကြဖို့လည်း တိုက်တွန်းဖြစ်ခဲ့ပါတယ်။ ရေလုပ်ငန်းနဲ့ပတ်သက်လို့ “ငါးကျန်ရွက်” လို ငါးမျိုးတွေ ပိုက်ကဖြုတ်နေကြတာတွေ့လို့ မေးကြည့်တော့ အထိအမိရှိကြောင်း… အဆင်ပြေကြောင်းကြားရလို့ ဝမ်းသာမိရတယ်။ အိမ်ရှေ့တိုင်း၊ အိမ်ဘေးတိုင်းနီးပါးမှာ တစ်ပိုင်တစ်နိုင် ဝက်ခြံများ၊ ကြက်များ မွေးမြူထားတာကိုတွေ့လို့ မွေးမြူရေးကို အဆင်ပြေစေတဲ့ “မြစိမ်းရောင် စီမံကိန်း”ရဲ့အကျိုးကျေးဇူးကြောင့်လို့ တွေးမိတယ်။ သို့သော် ရွာလမ်းက ကွန်ကရစ်လမ်း တစ်အိမ် ငွေကျပ် ၅၀၀၀၀ ထည့်ပြီး ဌာနနဲ့ နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်ထားလို့ လမ်းက ပနံရ တင့်တယ်နေပေမယ့် ကြက်တွေ၊ ဝက်တွေနဲ့ဆိုတော့ အမြင်တစ်မျိုးဖြစ်နေတယ်။ စနစ်တကျ မွေးမြူရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်တွေကိုတော့ ဟောပြောလေ့ကျင့်ပေးရဦးမယ်။

ညနေပိုင်း ထမင်းစားပြီးတော့ ရွာဖွံ့ဖြိုးရေးအကြောင်း ရွာနားပတ်ဝန်းကျင်နဲ့ မြို့နယ်ဖွံ့ဖြိုးရေးအကြောင်းများ ဆွေးနွေးတင်ပြကြတာ နားထောင်ရင်း ဆောင်ရွက်ပေးနိုင်တာတွေ၊ ကိုယ်တိုင်လုပ်ကြရမှာတွေ ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ရေဖိုးမပေးတဲ့ရွာ၊ မြစိမ်းရောင် စီမံကိန်း အတိုး/ အရင်း မပေးတဲ့ရွာတွေကို ပညာပေးစည်းရုံးဖို့နဲ့ တာဝန်ကျေဖို့၊ တာဝန်မကျေရင် နောက်ထပ်ဖွံ့ဖြိုးရေးတွေထပ်လုပ်ဖို့ အခက်အခဲဖြစ်မှာဖြစ်ကြောင်းတွေ၊ ကိုယ့်တာဝန်၊ ရွာသူရွာသားများရဲ့ တာဝန်ကျေပွန်ရန်တွေ ဆွေးနွေးဖြစ်ခဲ့ပါတယ်။

ပင်ပန်းတာနဲ့ ည စောစော ၁၀ နာရီခန့်မှာ အိပ်ပျော်သွားတယ်။ အိပ်ရာပြောင်းလို့ ထင်တယ်။ နံနက် ၃:၁၅ နာရီလောက်မှာ နိုးလာတယ်။ ပြန်အိပ်မရ…ဟိုတွေးဒီတွေးနဲ့ ဖွံ့ဖြိုးရေးအကြောင်းတွေ၊ ကျေးလက်ဒေသစီးပွားရေးအကြောင်းတွေ၊ ကောင်းတာတွေ ဘာကြောင့်ကောင်း၊ ပျက်တာတွေ ဘာကြောင့်ပျက်ရသလဲ စသဖြင့် အတွေးနယ်ချဲ့နေမိတယ်။

### အမေ့ကျေးဇူးတွေကို သတိရတမ်းတမိ

နံနက် ၄ နာရီလောက်မှာ စက်လှေသံ “တဖုတ်ဖုတ်” ကြားရ… ပိုက်သမားတွေ ငါးဖမ်းထွက်တာ ဖြစ်မယ်ထင်တယ်။ နံနက် ၄ နာရီခွဲလောက်မှာတော့ “ဘော်” “ဘူ”နဲ့ သင်္ဘောဟွန်းသံ ကြားရပြန်တယ်။ ပုသိမ်မြို့မှ အဆင်းသင်္ဘောလို့ မနက်မိုးလင်းမေးကြည့်တော့ သိရတယ်။ မကြာခင်မှာပဲ ဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခေါက်သံ၊ ကြက်တွန်သံတွေ ဆက်တိုက်ကြားရတော့ ငယ်ငယ်က ဘုန်းကြီးကျောင်းသားဘဝ သတိရမိသေးတယ်။ ကျွန်တော်ငယ်ငယ်က (၂) တန်းမှ (၇) တန်းအထိ ဘုန်းကြီးကျောင်းသားလုပ်ခဲ့တာလေ။ ပုသိမ်ကို ယခင်ကာလ ကားလမ်းမရှိလို့ သင်္ဘောစီးသွားခဲ့ရ တာတွေ၊ အမေနဲ့အတူ ပုသိမ်သင်္ဘောပေါ်မှာ မုန့်ဟင်းခါးရောင်းခဲ့တာတွေ သတိရရင်း အမေ့ကျေးဇူးတွေကို သတိရတမ်းတမိတယ်။

ဒီလိုနဲ့ ဆက်အိပ်မရတာနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများရဲ့ တည်တံ့အောင်မြင်နေတာနဲ့ ပျက်စီးသွားတာတွေအကြောင်း အတွေးနယ်ချဲ့ ဆက်လက်သုံးသပ်နေမိတော့တယ်။

**“ရွာဖွံ့ဖြိုးရေးအကြောင်း ရွာနားပတ်ဝန်းကျင်နဲ့ မြို့နယ်ဖွံ့ဖြိုးရေးအကြောင်းများ ဆွေးနွေးတင်ပြကြတာ နားထောင်ရင်း ဆောင်ရွက်ပေးနိုင်တာတွေ၊ ကိုယ်တိုင်လုပ်ကြရမှာတွေ ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ရေဖိုးမပေးတဲ့ရွာ၊ မြစိမ်းရောင် စီမံကိန်း အတိုး/ အရင်း မပေးတဲ့ရွာတွေကို ပညာပေးစည်းရုံးဖို့နဲ့ တာဝန်ကျေဖို့၊ တာဝန်မကျေရင် နောက်ထပ်ဖွံ့ဖြိုးရေးတွေထပ်လုပ်ဖို့ အခက်အခဲဖြစ်မှာဖြစ်ကြောင်းတွေ၊ ကိုယ့်တာဝန်၊ ရွာသူရွာသားများရဲ့ တာဝန်ကျေပွန်ရန်တွေ ဆွေးနွေးဖြစ်ခဲ့ပါတယ်”**

*စာမျက်နှာ ၁၁ သို့*





# သာကေတမြို့နယ် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် သဒ္ဒါရုံမင်းနန္ဒာဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဈေးသို့သွားရောက်ရန်မလိုဘဲ နေအိမ်အနီး အလွယ်တကူ ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် သာကေတမြို့နယ် အမှတ် (၉) ရပ်ကွက် ရှုခင်းသာလမ်းတွင် မြို့နယ်ခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဧရာဝဏ်လမ်းတစ်လျှောက် သာကေတအပိုင်းမှ မင်းနန္ဒာလမ်းဆုံအထိ ဌာနများနှင့် ခရိုင်နှင့်မြို့နယ် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်းအင်အား ၃၀၀ ဖြင့် လမ်းဝဲ/ယာ မြက်ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းနှင့် ဖြတ်မြောင်းများ ရှင်းလင်းခြင်း၊ အမှိုက်များသိမ်းဆည်းခြင်း၊ ရေသယ်ယာဉ်များဖြင့် လမ်းရေဆေးခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း(**အပေါ်ပုံ**)၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း EM Bokashi မြေဩဇာပြုလုပ်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဟိုပုံး မတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဝင်းထွန်း၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲထွန်းနှင့် မြတ်သံလွင် ရွှေပြည်သစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၀၁၅ သန်းဖြင့် မြတ်သံလွင် ရွှေပြည်သစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မိုင်ကောင်-ဝမ်စိမ်း-ပါနိမ့်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်း ၁/၄ ဒသမ ၇၅ မိုင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။(**အောက်ပုံ**) အဆိုပါ မြေသားလမ်းသည် ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ကျေးရွာလေးရွာနှင့် လူဦးရေ ၅၄၄ ဦး ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးလုပ်ငန်း အကျိုး ပြုမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝမ်စိမ်း ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

မိုးလင်းခဲ့ပါတယ်။

ရွာတွင်းလမ်းတွေ ကောင်းနေဆဲ...ဘာကြောင့်လဲ။ တန်ပိုမရှိတာလည်းပါသလို စခင်းစဉ်ကတည်းက တစ်အိမ် ငွေကျပ် ၅၀၀၀၀ ထည့်ထားရလို့ တန်ဖိုးထားထိန်းသိမ်းလို့ဖြစ်တယ်။ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းလည်း ခြောက်နှစ်ကျော်သုံးပြီးတာတောင် ကောင်းနေဆဲ။ အပေါက် လေး၊ ငါးပေါက်ကိုလည်း သင့်ရာနည်းနဲ့ ဖာထားတာတွေ့ရတယ်။ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုတော့ သက်ဆိုင်တဲ့ ဌာနတွေကလည်း ကျေးရွာနှင့်ပူးပေါင်းပြီး လုပ်ပေးဖို့ လိုအပ်ပါတယ်။ ပျက်အစဉ် ပြင်ခဏမို့ ပျက်ရင်တော့ ပြင်ရမှာပဲ။

မီးလင်းရေး Grid အနေနဲ့ ဘာကြောင့်ကောင်းနေသေးလဲ... အလကားမရ၊ သုံးသမျှယူနစ်ကို သတ်မှတ်နှုန်းနဲ့ ပေးဆောင်နေရလို့ဖြစ်တယ်။ ဖုန်းလိုင်းတွေလည်း ကောင်းပါတယ်။ ဖုန်းလည်း Prepaid နဲ့ သုံးသမျှကျခံရတဲ့စနစ်ဖြစ်တယ်။ ရေပေးရေး နည်းနည်းပြဿနာရှိတယ်။ ဆည်ကနေ တစ်ဆင့် ရွာ လေး၊ ငါးရွာလောက်ကို ပိုက်လိုင်းစနစ်နဲ့ ဖြန့်တယ်။ တချို့ရွာတွေ မီတာရှိသော်လည်း ငွေမကောက်ကြပေ။ အချို့ရွာတွေကမူ မီတာမရှိသော်လည်း Package စနစ်နဲ့ ငွေကောက်တယ်။ အချို့ရွာတွေမှာတော့ ရေအားမကောင်းတော့။ ဘာကြောင့်လဲ.. စဉ်းစားကြည့်တော့ ဖြစ်နိုင်တာတွေက... ဆည်အရင်းရွာတွေ၊ လမ်းတစ်လျှောက်က တဲတွေ စည်းကမ်းနဲ့မသုံးဘဲ အလကားရလို့ “ဗုံးပေါလအော” သုံးနေတာလည်း ဖြစ်နိုင်တယ်။ ပိုက်လိုင်းအချို့ပေါက်/ ပျက်လာလို့လည်း ဖြစ်နိုင်တယ်။ အနိမ့်ပိုင်း/ အရင်းပိုင်းရွာတွေ ရေမချွေတာလို့ အမြင့်ပိုင်း/ အဝေးပိုင်းနေရာတွေ ရေ Pressure မရောက်တာလည်း ဖြစ်နိုင်တယ်။ သုံးသပ်ကြည့်ရင် ရေကို အလကားသုံးတာ မကောင်း၊ သုံးသမျှ ကျခံသင့်... လျှပ်စစ်မီးတို့ ဖုန်းတို့လိုပဲပေါ့။

လူတွေက အလကားရရင် တန်ဖိုးမထားတတ်ကြဘူး။ ကိုယ်ချင်းစာစိတ် မရှိကြဘူး။ ကိုယ့်လိုသူများတွေ ရကြပါစေ မတွေးကြဘူး။ ကိုယ့်ကြောင့် သူများထိခိုက်တာ မတွေးကြဘူး။ ပေးသင့်တဲ့ ရေခွန်/ ပေးနိုင်တဲ့အခွန် မပေးချင်ကြဘူး။ ဒီလိုနဲ့ အတွေးနယ်ချဲ့ရင်း မနက်မိုးလင်းခဲ့ပါတယ်။

၂၅-၁-၂၀၂၂ရက်နေ့ နံနက်စာစားပြီး အဖေနဲ့ လူကြီးတွေ ကန်တော့ပြီးတော့ စာသင်ကျောင်း သွားကြည့်ဖြစ်တယ်။ ၁၀၀ ရာခိုင်နှုန်း ကျောင်းတက်တယ်ပြောတော့ ဝမ်းသာမိပါတယ်။ ငြိမ်းချမ်းတဲ့ အဓိပ္ပာယ်ပါပဲ။ ပညာရေးက နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ကိစ္စ ဖြစ်တာကိုး။ လိုအပ်တာတွေ မေး၊ လုပ်သင့်တာတွေ ပြောဖြစ်ခဲ့ကြတယ်။ လိုအပ်ချက်တွေရှိပေမဲ့ အရင်ထက်စာရင် မဆိုးဘူး ပြောရမှာပဲ။ မြို့နယ်ကျေးလက်ဦးစီးမှူးလည်းပါတော့ အချို့ရွာတွေက ကြုံတုန်း ဖွံ့ဖြိုးရေးကိစ္စတွေ လာရောက်တင်ပြကြတယ်။ မြို့နယ်ဦးစီးမှူးကို မှာသင့်တာတွေ မှာခဲ့ရတာပေါ့။ ရေပေးရေးလုပ်ငန်းများ ပြန်လည်ကွင်းဆင်းစစ်ဆေး သုံးသပ်ရန်၊ ဌာနတာဝန်၊ ကျေးရွာတာဝန် စသဖြင့် ခွဲခြားသတ်မှတ်ရန်၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ရန်၊ ရေစီမံခန့်ခွဲမှု ပြန်လုပ်ရန်လည်း တိုက်တွန်းဆွေးနွေးခဲ့ပါတယ်။

ဖွံ့ဖြိုးရေးအစီအစဉ်တွေ ပုံမှန်ရေးဆွဲ ဆောင်ရွက်ဖို့၊ ပြည်သူတွေရဲ့ အသံ မပြတ်နားထောင်ဖို့၊ ကျေးရွာပြည်သူတွေ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တန်ဖိုးထား ထိန်းသိမ်းစေဖို့၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ မြစိမ်းရောင်စီမံကိန်း အတိုး/ အရင်း ပုံမှန်ဆပ်စေဖို့၊ အကြွေးမဆပ်တဲ့ရွာတွေရဲ့ တောင်းဆိုမှုတွေ ရှိလာရင် အကြွေးအရင်ဆပ်အောင် စည်းရုံးဆောင်ရွက်ဖို့၊ ရေပေးရေးလုပ်ငန်းတွေမှာ ရေစီမံခန့်ခွဲမှုအစီအစဉ်တွေ ရေးဆွဲဆောင်ရွက်ဖို့၊ ရေခွန်/ ရေခ ပေးဆောင်စေဖို့၊ ရတဲ့ ရေခွန်/ ရေခနဲ့ ပြင်ထိန်းတာတွေ ပုံမှန်လုပ်ဖို့...စသဖြင့် လုပ်စရာတွေ အများကြီး၊ လုပ်သင့်တာတွေ အများကြီးလုပ်ကြရဦးမယ်။ အစိုးရတစ်ခုတည်း မရ။ ပြည်သူတွေ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရဦးမယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေရဦးမယ့်အကြောင်း၊ အလကား ဘာမှမရကြောင်း၊ ဝန်ဆောင်မှုအတွက်တော့ ထိုက်သင့်တဲ့ အခွန်/ အခ ပေးဆောင်ကြရမှာဖြစ်ကြောင်း၊ ဒါမှ နိုင်ငံသားတာဝန်ကျေပွန်မှာဖြစ်ကြောင်း... စသဖြင့် အပြန်ခရီးမှာလည်း တွေးရင်းငေးရင်းနဲ့ ဇာတိမြေမှ ပြန်လာခဲ့ပါတယ်။

# ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ပြီးစီး

**ပိုင်ကျုံ မတ် ၃**

ကရင်ပြည်နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေးနှင့် သွားလာရေးအဆင်ပြေစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကွီးကျယ်-ထီးပရီး-မဲပရခီး ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ မတ် ၂ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများ အချိန်မီပြီးနိုင်ရေးအတွက် ကရင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလမ်းဖောက်လုပ်ပြီးစီးခြင်းကြောင့် ပိုင်ကျုံမြို့အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ယခင်ကထက် ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်သည့်အပြင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လွယ်ကူအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**စောဂျိုးဇက်ဂျူး**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၂၆) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားပြုလုပ်

**နေပြည်တော် မတ် ၃**

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၏ (၂၆) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ နယ်ဘက်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများကို ဂုဏ်ပြုဆုများ ပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း တံဆိပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ရရှိသူများကို လည်းကောင်း၊ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများအား လည်းကောင်း တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကုမာရာ ရာမကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ရွှေမောင်းတုန်းကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ဇေတဝန်ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၁၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၉၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၇၄၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၅၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၀၁၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ မတ် ၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် ဟိုပန်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဘုရားကြီးရင်ပြင်တော်ပေါ်ရှိ အောင်မြေဗောဓိမဏ္ဍာရုံ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတောင်ရိုးနှင့် မြို့မတိုက်နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ ဘုရားဂေါပကအဖွဲ့များ တက်ရောက်ကြသည်ညိုကြကာ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကပ်လှူ၍ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂ ရက်မှ ၁၁ ရက်အထိ ၁၀ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ကျောက်ဆည်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒေသခံပြည်သူ ၂၀၇၆၆ ဦးအား ဆောင်ရွက်ပေးပြီးဖြစ်

**ကျောက်ဆည် မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ ၂၀၇၆၆ ဦး၊ ၉၆ ဒသမ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။



ထိုသို့နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ထားရွှေ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်းပြီး အိမ်တိုင်ရာရောက် စာရင်းများ ကောက်ယူကာ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် ပန်းခင်းစီမံချက်ဖြင့် ရွာပုလဲ၊ ကျောင်းကုန်း၊ အုတ်ဖို၊ ကတဲ၊ ရန်ပုံနှစ်၊ ကြက်ဆင်၊ ညောင်ရွှေ၊ ညောင်ဝန်း၊ အနောက်ငယ်တိုး၊ ရန်ဘက်လို၊ ရေပြစ်ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြရာ အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်း ပြည်သူ ၂၆၃၂ ဦးနှင့် အသက် ၁၈ နှစ်အထက် ပြည်သူ ၁၈၁၃၄ ဦး စုစုပေါင်း ၂၀၇၆၆ ဦး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မတ် ၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲနေသော်လည်း ယူကရိန်း၊ ရုရှား ဒုတိယအကျော့ဆွေးနွေးပွဲအတွက် ပြင်ဆင်

**ကီယက်ဗ် မတ် ၃**

နှစ်ဘက်စလုံး သေဆုံးသူ ရာချီစေခဲ့သည့် သီတင်းပတ် တစ်ပတ်နီးပါးကြာ ရုရှားတပ်ဖွဲ့များ ယူကရိန်းကို စစ်ဆင်ရေးဆင်နွှဲခဲ့ပြီးနောက် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်ရန် ယူကရိန်းနှင့် ရုရှားတို့သည် ဒုတိယအကျော့ဆွေးနွေးပွဲအတွက် စီစဉ်သတ်မှတ်ခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသည့် စစ်ရေးဆင်နွှဲမှုများသည် စိတ်ပျက်စရာကောင်းကြောင်း အဆင့်မြင့် အမေရိကန်ကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားလိုက်သည်။ ၎င်းတို့၏ အခြေအနေတင်းမာမှုများကို ထိန်းသိမ်းရန် ရွေးချယ်မှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

ယူကရိန်းခုခံကာကွယ်မှုသည် ရုရှားတပ်ဖွဲ့များ၏ ချီတက်တိုက်ခိုက်မှုကို အရှိန်တန့်စေသည်။ ရုရှားခေါင်းဆောင်များ ခန့်မှန်းထားသည်ထက် ပိုကြာခဲ့ပြီး အုပ်စုပြန်ဖွဲ့ရန်နှင့် ပြန်လည်သုံးသပ်ရန် အချိန်ယူခဲ့ရသည်ဟု အမေရိကန်ကာကွယ်ရေးဌာန သတင်းပြန်ကြားရေးအကြီးအကဲ ဂျွန်ကာဘီက ပြောသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီက ယခုအချိန်အထိ ယူကရိန်းအရပ်သား ၂၂၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အတည်ပြုဖော်ပြခဲ့သော်လည်း ယူကရိန်းအာဏာပိုင်များက သေဆုံးမှုပမာဏသည် ၂၀၀၀ ထက်သိသိသာသာပိုမည်ဟု ပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပထမဆုံးအကြိမ်အဖြစ် ရုရှားတပ်ဖွဲ့ဝင် သေဆုံးစာရင်းကို ဖော်ပြခဲ့သည်။ ရုရှားတပ်ဖွဲ့ဝင် ၄၉၈ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ယူကရိန်းသမ္မတက တကယ့်သေဆုံးသည့်လူပေါင်းမှာ ခြောက်ထောင်နားကပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရုရှားစေ့စပ်ညှိနှိုင်းသူများက ၎င်းတို့ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်မည့် ဘယ်လာရုဇ်နှင့် ပိုလန်နှစ်နိုင်ငံနယ်စပ်ဒေသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထို့အတူ ယူကရိန်းဘက်ကလည်း ၎င်းတို့ ထွက်လာနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးမှုသည် ငါးနာရီကြာခဲ့ပြီး သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့သည်။

ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ကူလီဘာက မိမိတို့သည် သံတမန်နည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ဖြစ်နေကြောင်း၊ သို့သော်လည်း ရုရှား၏ မည်သည့်ရာဇသံမှ လက်ခံရန် အဆင်သင့်ဖြစ်မနေကြောင်း ပြောကြားလိုက်သည်။

ရုရှား၏တောင်းဆိုမှုသည် ယူကရိန်းကို ပူတင် စစ်ဆင်ရေးမဆင်နွှဲမီ ကြေညာထားသည့်အချက်များနှင့် အတူတူပင်ဖြစ်ကြောင်း ကူလီဘာက ပြောသည်။



ဘယ်လာရုဇ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က ယူကရိန်းကာကွယ်ရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့က ရုရှားသမ္မတ၏လက်ထောက်၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ညှိနှိုင်းဆွေးနွေးရန် ပြင်ဆင်နေစဉ် ဘယ်လာရုဇ်နိုင်ငံခြားရေးဝန်ကြီးက ကြေညာချက်တစ်ခုကို ပြောကြားနေစဉ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယူကရိန်းကို စစ်မဲ့နယ်မြေဖြစ်စေချင်သလို နေတိုးထဲမဝင်ပါဘူးဆိုသည့် ကတိကိုလည်း လိုလားကြောင်း ထပ်ကာထပ်ကာ ပြောကြားခဲ့သည်။

နိုင်ငံများစွာတွင် ဆန္ဒပြမှုများလည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်တွင် ပြည်သူများသည် တိုင်းမ်စကွဲယားတွင် စုရုံးခဲ့ကြပြီး ယူကရိန်းအလံများကို ဝှေ့ယမ်းကာ ၎င်းတို့၏ထောက်ခံမှုကို ပြသခဲ့ကြ သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှား - ယူကရိန်း ပဋိပက္ခ သီတင်းပတ် နှစ်ပတ်ထဲဝင်ရောက်လာချိန် နှစ်ဖက်စလုံးတွင် အသေအပျောက်များ မြင့်တက်လာလျက်ရှိ

**ကီယက်ဗ် မတ် ၃**

ရုရှားက ယူကရိန်းကို စစ်ရေးဆင်နွှဲနေသည်မှာ မတ် ၃ ရက်က သီတင်းပတ် နှစ်ပတ်ထဲဝင်ရောက်လာပြီဖြစ်သဖြင့် နှစ်ဖက်စလုံးတွင် အသေအပျောက်များ မြင့်တက်လာသည်။ ကုလသမဂ္ဂက လူပေါင်း တစ်သန်းကျော် နိုင်ငံမှ ထွက်ပြေးနေရကြောင်း ပြောကြားလိုက်သည်။



ယူကရိန်းရှိ လူနေအဆောက်အအုံတစ်လုံး တိုက်ခိုက်မှုခံထားရသည်ကို တွေ့ရစဉ်။

ရုရှားနှင့် ယူကရိန်းတို့၏ ဒုတိယညှိနှိုင်းဆွေးနွေးမှုကိုအားလုံးက အာရုံစိုက်လျက်ရှိသည်။

ရုရှားတပ်ဖွဲ့များ၏ ကီယက်ဗ်ကို ချီတက်တိုက်ခိုက်မှုများသည် ကြန့်ကြာမည်ဟု ထင်ရသည်။ ရုရှားတပ်ဖွဲ့များသည် ယူကရိန်း၏ ဒုတိယအကြီးဆုံးမြို့တော် ခါကိဗ်နှင့် တခြားဒေသများကို အရှိန်မြှင့်၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတောင်ပိုင်းမြို့တစ်မြို့ဖြစ်သည့် ခါဆန်ကို အပြည့်အဝထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရုရှားသည် ယူကရိန်းကို စစ်ဆင်ရေးမဆင်နွှဲမီ တပ်ဖွဲ့ဝင် ၈၀ ရာခိုင်နှုန်းကျော်ကို နယ်စပ်ဒေသတွင် စုဆောင်းခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာန အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ရုရှားတပ်ဖွဲ့များသည်ယူကရိန်းမြို့တော် ကီယက်ဗ်ကို မသိမ်းပိုက်နိုင်သေးသော်လည်း မကြာမီ တပ်ဖွဲ့ များကို ပြန်လည်စုစည်းပြီး ထိုးစစ်မြှင့်သွားနိုင်သည်ဟု အမေရိကန်အရာရှိတစ်ဦးက ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၃၈ ရက်မြောက်ရှိပြီဖြစ်

**နယူးဒေလီ မတ် ၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၅၆၁ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၉၄၅၁၆၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၄၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၁၄၃၈၈ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၇၇၁၅၂ ဦး ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၅၂၈ ဦးအထိ ကျဆင်းလာခဲ့သည်။ အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းခဲ့သည်မှာ ယခုဆိုလျှင် ၃၈ ရက်မြောက်ရှိပြီဖြစ်သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၄၂၃၅၃၆၂၀ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၉၆၀၉၀ အထိရှိလာ

**ကွာလာလမ်ပူ မတ် ၃**

မလေးရှားနိုင်ငံ၌ မတ် ၂ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၅၀၀ ရှိလာပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၉၆၀၉၀ အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၄၂၈ ဦးမှာ ပြည်ပကူးစက်ဖြစ်ပွားမှုဖြစ်ကာ ၂၇၀၇၂ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နောက်ထပ် ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၁၁၅ ဦး ရှိလာသောကြောင့် စုစုပေါင်းသေဆုံးသူ ၃၂၉၄၂ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၇၅၅၇ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကောင်းမွန်လာသူပေါင်းမှာ ၃၁၆၉၆၆၉ ဦးအထိ ရှိလာခဲ့သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၃၄၇၉ ဦးတွင် ၃၆၀ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၁၉၄ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

မတ် ၂ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၉၇၅၃၄ ဦးရှိခဲ့သည်။ လူဦးရေ၏ ၈၂ ဒသမ ၉ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးပြီဖြစ်သည်။ ၇၈ ဒသမ ၉ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံမှုခံယူပြီးပြီဖြစ်သည်။ ၄၅ ဒသမ ၄ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်သည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးပေးနေစဉ်။

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၁ ၂၀ ၂၅၃၃ ဦးရှိလာ

**အဒစ္စအဘာဘာ မတ် ၃**

အာဖရိက၌ မတ် ၂ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၁၂၀၂၅၃၃ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၂၄၉၂၁၀ ရှိလာပြီဖြစ်ကြောင်းနှင့် ၁၀၄၃၄၂၉၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်။

**ဆင်ဟွာ**

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဆက်လက်ရုန်းကန်နေရသည့် တွန်ဂါနိုင်ငံသားများ

နှင်းမိုးအိမ်

တွန်ဂါနိုင်ငံတွင် ရေအောက်မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်မှာ အချိန်တစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

**ကြိုးစားနေကြ**

ယင်းသို့ မီးတောင်ပေါက်ကွဲမှုအပြီးတွင် တွန်ဂါနိုင်ငံမှ ပြည်သူများသည် ၎င်းတို့၏ နေ့စဉ်လှုပ်ရှားရုန်းကန်နေရသည့် လူနေမှုဘဝ မူလအတိုင်း ပြန်လည်ဖြစ်ပေါ်လာစေရေးအတွက် ကြိုးစားနေကြသည်။ ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရစဉ် ကိုဗစ် -၁၉ ကူးစက်မှုကြောင့်လည်း အခြေအနေကို ပိုမိုဆိုးရွားလာစေခဲ့သည်။ မီးတောင်ပေါက်ကွဲမှုအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖြည်းဖြည်းနှင့်မှန်မှန် လုပ်ဆောင်လျက်ရှိသည်။

**စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်လာမည်ကိုစိုးရိမ်**

တွန်ဂါနိုင်ငံရှိ ကျွန်းအများစုတွင် ယခုအချိန်ထိတိုင်အောင် မီးတောင်ပြာများနှင့် အပျက်အစီးများ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများ၏စိုက်ပျိုးရေးလုပ်ငန်းတွင် ကာလရှည်ကြာ ထိခိုက်မှုရှိလာမည်ကို အစိုးရအာဏာပိုင်များက စိုးရိမ်လာကြသည်။

တွန်ဂါနိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းမှာ နိုင်ငံသား ၈၆ ရာခိုင်နှုန်း လုပ်ကိုင်ကြသည့်လုပ်ငန်းလည်းဖြစ်သည်။ တွန်ဂါနိုင်ငံသားများသည် ငါးလုပ်ငန်းအပါအဝင် အခြားသောလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ကိုင်ကြသည်။ ပြည်သူအများစုမှာ ပင်လယ်သမုဒ္ဒရာအပေါ် မှီခိုနေရသည်။ ဆူနာမီလှိုင်းကြောင့် ၎င်းတို့၏ ကိရိယာတန်ဆာပလာများနှင့် ရေယာဉ်များပျက်စီးခဲ့ရသည်။

**ပင်လယ်ရေညစ်ညမ်းမှုမရှိစေရန်လိုအပ်**

နောက်ထပ်အကြီးမားဆုံးပြဿနာတစ်ခုမှာ ရေပြဿနာပင်ဖြစ်သည်။ ဆူနာမီကြောင့် စိုက်ခင်းများပျက်စီးခဲ့ရသည်ဟု တွန်ဂါနိုင်ငံတွင် နေထိုင်သူတစ်ဦးက ပြောသည်။ ၎င်း၏ ရေညှိစိုက်ခင်းမှာ တွန်ဂါနိုင်ငံမြို့တော် နူကူလိုဖာတွင် ရှိသည်။

နှစ်စဉ် ပြည်ပသို့ ရေညှိတန်ချိန် ၁၀၀ နီးပါးပေးပို့ရသည်။ ၎င်းမှာ ရေညှိစိုက်ပျိုးထုတ်လုပ်မှုကို ဇူလိုင်လတွင်စတင်ပြီး ယခုနှစ်အတွက်မူ ပြာများနှင့် အပျက်အစီးများကြောင့် လုပ်ငန်းစတင်ရန် အခက်အခဲများနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ပင်လယ်ရေညစ်ညမ်းမှု မရှိရန်လိုအပ်ပြီး ယင်းမှသာ ရေညှိစိုက်ပျိုးထုတ်လုပ်မှုကို ပြည်ပသို့ တင်ပို့နိုင်ရေး ပြန်လည်ကြိုးပမ်းနိုင်မည်ဖြစ်သည်။

**ကူးစက်မှုများပြားလာ**

တွန်ဂါနိုင်ငံရှိအာဏာပိုင်များသည် ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း တွန်ဂါနိုင်ငံသို့ ကိုဗစ် -၁၉ ကပ်ရောဂါ မကျရောက်စေရေး အစွမ်းကုန်ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုမှာ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သော်လည်း ယခုအချိန်တွင်မူ အခြေအနေများ ပြောင်းလဲသွားပြီဖြစ်သည်။ ရေအောက်မီးတောင်ပေါက်ကွဲမှုအပြီးတွင် ကူးစက်မှုများမှာ ပို၍ပို၍ များပြားလာခဲ့သည်။

**အသွားအလာပိတ်ဆို့ကန့်သတ်မှုပြုလုပ်**

ဒေသတွင်းကူးစက်မှုကို ပထမဆုံးအကြိမ် တွေ့ရှိပြီးနောက် ဖေဖော်ဝါရီလအတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုကိုပြုလုပ်ခဲ့သည်။ ဒေသခံများနှင့် အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးရေး လုပ်သားများကို လူချင်းထိတွေ့မှုမရှိစေရေးအတွက် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။



တွန်ဂါနိုင်ငံရှိ ကျွန်းတစ်ကျွန်း ပျက်စီးနေမှုအခြေအနေကို တွေ့ရစဉ်။

"မီးတောင်ပေါက်ကွဲမှုအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖြည်းဖြည်းနှင့်မှန်မှန် လုပ်ဆောင်လျက်ရှိသည်။ တွန်ဂါနိုင်ငံရှိ ကျွန်းအများစုတွင် ယခုအချိန်ထိတိုင်အောင် မီးတောင်ပြာများနှင့် အပျက်အစီးများ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ကာလရှည်ကြာ ထိခိုက်မှုရှိလာမည်ကို အစိုးရအာဏာပိုင်များက စိုးရိမ်လာကြ"

ယင်းသို့အမိန့်ထုတ်ပြန်ထားမှုကြောင့် ရေအောက်မီးတောင်ပေါက်ကွဲမှုဒဏ်ခံစားရပြီးနောက် နိုင်ငံအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်လာမည်ကိုလည်း အချို့သော အကူအညီပေးရေးအဖွဲ့များက စိုးရိမ်နေကြသည်။

**အချိန်ယူရဦးမည်**

အထူးသဖြင့် ဝေးလံခေါင်ဖျားသည့် ကျွန်းများသို့ လိုအပ်သည့် အကူအညီများမရောက်ရှိမည်ကို စိုးရိမ်နေကြရသည်။ အသွား အလာပိတ်ဆို့ကန့်သတ်မှုများကြောင့် လိုအပ်သည့်နေရာသို့ သွားလာနိုင်ရန် အခက်အခဲများရှိလာသည်ဟု ကုလသမဂ္ဂ အစားအသောက်နှင့် စိုက်ပျိုးရေးဆိုင်ရာအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် အကဲဖြတ်ရန် လိုအပ်သည်။ ငါးဖမ်းလုပ်ငန်းအတွက်မူ လုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အနည်းဆုံးသုံးနှစ်ကျော်ကြာ အချိန်ယူရဦးမည်ဖြစ်သည်။

**အိမ်ကိုပြန်ရန်မဖြစ်နိုင်သေး**

ဝေးလံခေါင်ဖျားကျွန်းများတွင် နေထိုင်ကြသည့် လူပေါင်း ၁၅၀ ကျော်မှာ ယခုအချိန်အထိ ကယ်ဆယ်ရေးစင်တာများတွင် နေထိုင် နေရဆဲဖြစ်သည်ဟု တွန်ဂါနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အစည်းမှ ဒုတိယအမြင့်ဆုံး အရာရှိတစ်ဦးဖြစ်သူ ပေါ်လာမာက ပြောသည်။ ၎င်းတို့၏ နေအိမ်များ ပြန်လည်တည်ဆောက်၍ မပြီးသရွေ့ အိမ်ကိုပြန်ရန် မဖြစ်နိုင်သေးချေ။

**ပူးပေါင်းလုပ်ကိုင်ရန် လိုအပ်**

အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရန် လိုအပ်နေသေးသည်ဟု ၎င်းကပြောသည်။ ဘဏ္ဍာရေးအရထောက်ပံ့ပေးမှုသာမက နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးမှုများပါ လိုအပ်နေသေးသည်ဟု ၎င်းကဆက်ပြောသည်။ တွန်ဂါနိုင်ငံအတွက် အခက် အခဲဆုံးကာလအတွင်း အလိုအပ်ဆုံးမှာ လူသားချင်းစာနာထောက်ထား မှု အကူအညီများပင်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

**ကိုဗစ် – ၁၉ ကူးစက်မှုအခြေအနေများ**

ဖေဖော်ဝါရီ ၂၃ ရက်က တွန်ဂါနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိရောဂါခံစားနေရသူ ဦးရေမှာ ၁၃၃ ဦး ရှိသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကူးစက်ခံရသူ စုစုပေါင်းမှာ ၂၈၇ ဦး ရှိခဲ့သည်။

**ကာကွယ်ဆေးထိုးပြီးသည့်အခြေအနေ**

တွန်ဂါနိုင်ငံတွင် လူဦးရေ ၁၀၀၀၀၀ ကျော်ရှိပြီး နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနိုင်ခွင့်ရှိသူ၏ ၉၉ ရာခိုင်နှုန်းမှာ အနည်းဆုံး ကိုဗစ် – ၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေမှာ ၂၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

"ဒေသခံများနှင့် အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးရေး လုပ်သားများကို လူချင်းထိတွေ့မှုမရှိစေရေးအတွက် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ ယင်းသို့ အမိန့်ထုတ်ပြန်ထားမှုကြောင့် ရေအောက်မီးတောင် ပေါက်ကွဲမှုဒဏ်ခံစားရပြီးနောက် နိုင်ငံအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်လာမည်ကိုလည်း အချို့သော အကူအညီပေးရေးအဖွဲ့များက စိုးရိမ်ကြ"

## မတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၉ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၇၉ ဦးရှိ

(၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၅၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၁၉) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၈၇,၃၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၉၃,၉၅၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၀၇) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၄၁,၆၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့်** ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၇၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၇၇) ခု | (၃၅၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၀) ခု | (၂၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၈၂) ခု | (၁၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၃၄) ခု | (၃၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၂၁၈) ခု | (၉၄၅) ဦး |
| **စုစုပေါင်း** | **(၂၁,၅၇၁) ခု** | **(၁,၈၁၉) ဦး** |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၃ -၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၇၇၀၆၀၄ | ၅၃၉၄၅၇၈၉ | ၉၇၉၇၂၅ |
| ၂။ | အိန္ဒိယ | ၄၂၉၄၅၁၆၀ | ၄၂၃၅၃၆၂၀ | ၅၁၄၄၁၉ |
| ၃။ | ဘရာဇီး | ၂၈၈၄၂၁၆၀ | ၂၆၆၀၈၀၁၀ | ၆၅၀၀၅၂ |
| ၄။ | ပြင်သစ် | ၂၂၈၄၀၃၀၆ | ၂၁၂၃၃၅၁၆ | ၁၃၈၇၆၂ |
| ၅။ | ဗြိတိန် | ၁၉၀၂၉၃၂၁ | ၁၇၅၃၇၂၁၄ | ၁၆၁၇၀၄ |
| ၆။ | ရုရှား | ၁၆၆၈၅၈၅၀ | ၁၄၁၀၂၆၈၄ | ၃၅၄၀၁၁ |
| ၇။ | ဂျာမနီ | ၁၅၁၇၃၁၇၀ | ၁၁၆၉၆၆၀၀ | ၁၂၃၉၇၆ |
| ၈။ | တူရကီ | ၁၄၂၀၆၁၂၁ | ၁၃၅၀၅၉၉၇ | ၉၄၈၃၇ |
| ၉။ | အီတလီ | ၁၂၈၆၇၉၁၈ | ၁၁၆၅၁၀၉၄ | ၁၅၅၂၁၄ |
| ၁၀။ | စပိန် | ၁၁၀၅၄၈၈၈ | ၉၇၃၉၉၅၅ | ၁၀၀၀၃၇ |

## ၃-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၆၆၇၃၅၅ | ၄၉၈၆၃၉၁ | ၁၄၉၂၆၈ |
| ဗီယက်နမ် | ၃၇၀၉၄၈၁ | ၂၅၁၆၇၈၅ | ၄၀၄၅၂ |
| ဖိလစ်ပိုင် | ၃၆၆၄၉၀၅ | ၃၅၅၇၉၀၉ | ၅၆၅၃၈ |
| မလေးရှား | ၃၄၉၆၀၉၀ | ၃၁၆၉၆၆၉ | ၃၂၉၄၂ |
| ထိုင်း | ၂၉၅၈၁၆၂ | ၂၇၁၁၆၇၈ | ၂၃၀၇၃ |
| စင်ကာပူ | ၇၆၇၆၆၃ | ၇၀၁၁၇၀ | ၁၀၄၀ |
| မြန်မာ | ၅၉၃၉၅၈ | ၅၄၁၆၄၈ | ၁၉၃၇၉ |
| လာအို | ၁၄၃၄၈၆ | ၁၄၁၀၉၆ | ၆၂၆ |
| ကမ္ဘောဒီးယား | ၁၃၁၃၇၂ | ၁၂၅၀၂၉ | ၃၀၃၃ |
| ဘရူနိုင်း | ၇၆၅၃၄ | ၄၀၇၈၂ | ၁၃၅ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# နိုင်ငံစီးပွားရေးအကျိုးဖြစ်ထွန်းစေမည့် ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ငါးသလောက်

သစ္စာ( MNA)၊ ဓာတ်ပုံ - ဇွဲမာန်

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော မြန်မာနိုင်ငံသည် ပင်လယ်ပြင်ကမ်းရိုးတန်းအရှည် ကီလိုမီတာ ၂၂၀၀ ကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်ဘက် ရခိုင်ပြည်နယ်မှ တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအထိ ပင်လယ်ပြင်ကြီးကို သဘာဝ၏လက်ဆောင်တစ်ခုအဖြစ် ပိုင်ဆိုင်ထား၍ ရေသယံဇာတပေါကြွယ်ဝပြီး ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ရေသယံဇာတ ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေရရှိနေသည်။**



သားပေါက်အရွယ်မှ ဈေးကွက်ဝင်အရွယ်အထိ မြန်မာ့ငါးသလောက်များ။

> **"မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ငါးသလောက်(Tenualosa ilisha)နှင့် ငါးသလောက်ယောက်ဖ (Tenualosa Toil)တို့ကို နှစ်စဉ် တန်ချိန် ၁၀၀၀၀ မှ ၁၃၀၀၀ အထိ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံ ၂၂ ရုံမှ နိုင်ငံပေါင်း ၃၆ နိုင်ငံသို့ တင်ပို့ရာတွင် အများဆုံးမှာ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။ ငါးသလောက် အများဆုံး ဝယ်ယူသောနိုင်ငံများမှာ တရုတ်၊ ဆော်ဒီ၊ အိန္ဒိယ၊ အမေရိကနှင့် UAE နိုင်ငံများဖြစ်ပြီး ငါးသလောက်စားသုံးမှုများသော အိန္ဒိယနိုင်ငံသို့တင်ပို့နိုင်ခြင်းသည် ဈေးကွက်တည်ငြိမ်မှုနှင့် တန်ဖိုးမြင့်ထုတ်ကုန် တင်ပို့နိုင်သော အကျိုးကျေးဇူးကိုရရှိစေမည်ဖြစ်"**

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်များ တင်ပို့ရာတွင် ငါးမြစ်ချင်းနှင့် အခြားရေထွက်ကုန် မျိုးစုံကို တင်ပို့ခဲ့ပြီး ဈေးကွက်ဝယ်လိုအားနှင့် ရေထွက်ကုန်အရည်အသွေးအပေါ်မူတည်၍ ဝင်ငွေရရှိခြင်းဖြစ်သည်။ ကမ္ဘာ့ဝယ်လိုအား ဈေးကွက်ရှိသည့် ရေထွက်ကုန် ငါးသလောက်ကိုလည်း မြန်မာ့ပင်လယ်ပြင်နှင့် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကမ်းရိုးတန်းတို့တွင် ဖမ်းဆီးထုတ်လုပ်လျက်ရှိရာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေသဖြင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းထုတ်လုပ်နိုင်ရန် ထိန်းသိမ်းစောင့်ရှောက်မှု လိုအပ်လာလျက်ရှိသည်။

**သားပေါက်များအရွယ်မရောက်မီ**

ငါးသလောက်ငါးမျိုးစိတ်သည် ရေချိုတွင် သားပေါက်၍ ပင်လယ်ပြင်တွင် ကြီးထွားအရွယ်ရောက်လေ့ရှိသော Anadromous မျိုးစိတ်ဖြစ်သည်။ ဥချသားပေါက်ရန် ကီလိုမီတာ ၁၂၀၀ အကွာအဝေးအထိ သွားရောက်ဥချလေ့ရှိသည်။ တစ်နေ့လျှင် ကီလိုမီတာ ၂၀ ခန့်အထိ သွားလာလှုပ်ရှားလေ့ရှိပြီး အာရှရေပြင်မှ အီရန်၊ ပါရှန်ပင်လယ်ကွေ့အထိ ရေပြင်နယ်စပ်များ ဖြတ်ကျော်၍ အုပ်စုလိုက် ရွှေ့ပြောင်းသွားလာ ကျက်စားလေ့ရှိသော ငါးအမျိုးအစားဖြစ်သည်။ ငါးသလောက်သည် သဲသောင်ရေပြင်များတွင် ဥချသားပေါက်လေ့ရှိပြီး နှစ်စဉ် ဇွန်၊ ဇူလိုင်လနှင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင် သားပေါက်လေ့ရှိသည်။ ဥချရာတွင် ငါးတစ်ကောင်လျှင် ဥအရေအတွက် နှစ်သိန်းကျော်မှ သိန်း ၂၀ နီးပါးအထိ ဥလေ့ရှိသည်။ သဘာဝအလျောက် သေဆုံးမှုရှိတတ်ပြီး အရွယ်မတိုင်မီ အခြားငါးများနှင့် ရောနှောဖမ်းဆီးခံရမှုကြောင့် သေဆုံးမှုနှုန်းများပြားတတ်ကာ ငါးသလောက်သားပေါက်များ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။ ရေချိုမြစ်များနှင့် ပင်လယ်ပြင်တို့တွင် ထောင်လေ့ရှိသည့် ကျားပိုက်၊ မျှောပိုက်နှင့် သောင်ဆွဲပိုက်တို့ကြောင့် သားပေါက်များ အရွယ်မရောက်မီ ၂၅ ရာခိုင်နှုန်းအထိ ဖမ်းဆီးခံရသည်။

**ငါးသလောက်ဖမ်းဆီးမှုနှင့် တင်ပို့မှု**

ငါးသလောက်ကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖမ်းဆီးရမိလေ့ရှိပြီး လွန်ခဲ့သော ၁၅ နှစ်ကျော်မှစ၍ တနင်္သာရီတိုင်းဒေသကြီးတွင် ဖမ်းဆီးရမိမှု နည်းသွားကာ အများဆုံးဖမ်းဆီးရမိသောဒေသများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ဖြစ်သည်။

မြစ်၊ချောင်းများနှင့်ကမ်းနီးတို့တွင် တစ်ပိုင်တစ်နိုင် ဖမ်းဆီးရာ၌ မျှောပိုက်၊ သုံးထပ်ပိုက်နှင့် ကြာဆံပိုက်တို့ဖြင့် ဖမ်းဆီးလေ့ရှိပြီး စီးပွားဖြစ်ဖမ်းဆီးသူတို့မှာ ပင်လယ်ပြင်တွင် ကမ်းဝေးလှေများနှင့်အတူ ဝိုင်းချုပ်ပိုက်နှင့် မျှောပိုက်တို့ဖြင့် ဖမ်းဆီးလေ့ရှိကြသည်။ ဝိုင်းချုပ်ပိုက်လှေ အစင်းရေ ၃၁၅ စင်းနှင့် မျှောပိုက်လှေအစင်းရေ ၃၇၀ အထိ ဖမ်းဆီးကြလေ့ရှိပြီး ကမ်းနီးလုပ်ကိုင်ကြသူများ အနေဖြင့် မျှောပိုက်၊ သုံးထပ်ပိုက်နှင့် ကြာဆံပိုက်တို့ဖြင့် လှေအစင်းရေ ၁၅၀၀၀ ခန့်အထိ ဖမ်းဆီးကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ငါးသလောက်(Tenualosa ilisha)နှင့် ငါးသလောက်ယောက်ဖ(Tenualosa Toil)တို့ကို နှစ်စဉ်တန်ချိန် ၁၀၀၀၀ မှ ၁၃၀၀၀ အထိ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံ ၂၂ ရုံမှ နိုင်ငံပေါင်း ၃၆ နိုင်ငံသို့ တင်ပို့ရာတွင် အများဆုံးမှာ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။ ငါးသလောက် အများဆုံး ဝယ်ယူသောနိုင်ငံများမှာ တရုတ်၊ ဆော်ဒီ၊ အိန္ဒိယ၊ အမေရိကနှင့် UAE နိုင်ငံများဖြစ်ပြီး ငါးသလောက်စားသုံးမှုများသော အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ခြင်းသည် ဈေးကွက်တည်ငြိမ်မှုနှင့် တန်ဖိုးမြင့်ထုတ်ကုန် တင်ပို့နိုင်သော အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်သည်။

**သုတေသနဆောင်ရွက်နေမှုများ**

၂၀၁၂ ခုနှစ်တွင် တရုတ်ပြည်မှ နည်းပညာရှင်များအကူအညီဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းသားပေါက်စခန်းတွင် On Board Breeding နည်းပညာကို အသုံးပြု၍ ဈေးကွက်ဝင် ငါးသလောက်မျိုးစိတ်ကို မွေးမြူထုတ်လုပ်နိုင်ရန် စမ်းသပ်သားဖောက်ခဲ့သည်။ ငါးသလောက်သယံဇာတ ရေရှည်တည်တံ့စေရေးအတွက် ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော FAO, SEAFDEC တို့နှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် JICA,TICA ထိုင်းနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ငါးသလောက်မျိုးများ၏ ဇီဝဗေဒဆိုင်ရာအချက်အလက်များ၊ ဒေသအလိုက် ပျံ့နှံ့နေထိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ မျိုးငါးများစုဆောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ငါးမြင်းနှင့် ငါးသလောက်ဆိုင်ရာ ပူးတွဲသုတေသန ဆောင်ရွက်ရန် သဘောတူထားရှိ၍ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိအချိန်တွင် အကောင်အထည်ဖော်ရန် စောင့်ဆိုင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ မျိုးငါးသားပေါက်များကို ထိုင်းနိုင်ငံသို့ပေးပို့၍ သုတေသနပြုလုပ်ရန် သဘောတူဆောင်ရွက်လျက်ရှိသည်။

**ငါးသယံဇာတ လျော့နည်းကျဆင်းလာခြင်း**

ယနေ့အချိန်အခါသည် မြန်မာသာမက ကမ္ဘာ့နိုင်ငံတို့တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ နောက်ဆက်တွဲရိုက်ခတ်မှုကို ခံစားကြရလျက်ရှိသည်။ စက်ရုံများ၊ မွေးမြူရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ခြင်းမှ စွန့်ပစ်ရေဆိုးများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ စသည်တို့ကို စည်းကမ်းတကျအသုံးမပြုခြင်းနှင့် စည်းကမ်းမဲ့စွန့်ပစ်မှု၏ နောက်ဆက်တွဲဆိုးကျိုးများ၊ မြစ်ချောင်းအတွင်း သဲစုပ်ယူခြင်း၊ ငါးတက်/ ငါးဆင်းလမ်းကိုပိတ်၍ ရေလမ်းဖောက်လုပ်ခြင်း၊ ရေတံခါး၊ ဆည်တာတမံပိတ်ဆို့ခြင်းနှင့် စိုက်ပျိုးမြေအများအပြားဖော်ထုတ်ခြင်း၊ ဖမ်းဆီးသည့် ငါးပိုက်များ၏ အရွယ်အစား ထိန်းသိမ်းမှုအပေါ် လိုက်နာမှုအားနည်းခြင်း၊ ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖြေလျှော့ပေးရမှုများနှင့် လိုက်နာမှုအားနည်းသူတို့၏ နောက်ဆက်တွဲအကျိုးဆက်တို့ကြောင့် ငါးသလောက်အပါအဝင် ငါးသယံဇာတများ လျော့နည်းကျဆင်းလာခြင်းဖြစ်သည်။

**ထိရောက်သည့် စီမံခန့်ခွဲမှုများ**

ငါးသလောက်ငါးမျိုးများ၏ မျိုးပွားဇီဝဗေဒဆိုင်ရာအရ ပင်လယ်အတွင်းကြီးပြင်းပြီး သားပေါက်ချိန်တွင် ရေချို ရေငန်စပ် ရေပြင်များဖြစ်သော မြစ်ချောင်းများအတွင်းသို့ ဝင်ရောက်သားပေါက်၍ ပင်လယ်အတွင်းသို့ အုပ်စုလိုက် ရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် ပင်လယ်အတွင်း စနစ်တကျ ဖမ်းဆီးရန်လိုအပ်သည်။ ငါးသလောက်ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဧရာဝတီတိုင်းဒေသကြီး၌ ၂၂၈ ဒသမ ၂ ဧက၊ ရခိုင်ပြည်နယ်တွင် ၂၀၆၅ ဧက၊ မွန်ပြည်နယ်တွင် ဧက ခြောက်သိန်းကျော်အပါအဝင် မြန်မာ့ကမ်းရိုးတန်းနှင့် ရေချို/ရေငန်စပ်ဧရိယာ နေရာ ၁၁ နေရာကို ငါးသလောက်ထိန်းသိမ်းရေး ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်နေမှုကြောင့် ကမ္ဘာ့ငါးသလောက်တင်ပို့မှု၌ တစ်ချိန်တွင် အများဆုံးတင်ပို့နိုင်သော နံပါတ်တစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ထိုသို့တွေ့မြင်နိုင်ရန် သုတေသနရလဒ်ကောင်းများကို အခြေခံသော ထိရောက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

**ရေသယံဇာတ ထိန်းချုပ်မှုစွမ်းရည်**

ငါးသလောက်ငါးများ၏ ဇီဝဗေဒနှင့်ဂေဟစနစ်အရ မဖမ်းဆီးရရာသီနှင့် နေရာကို ဒေသအလိုက် ဖော်ထုတ်သတ်မှတ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်၍ လိုက်နာရန် ကြပ်မတ်ခြင်း၊ ထိရောက်သော ထိန်းသိမ်းရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ ပုံမှန် ငါးသလောက်တည်ရှိမှု အကဲဖြတ်သုတေသန လုပ်ငန်းများ ဆောင်ရွက်၍ သတင်းအချက်အလက်တည်ရှိရာ Database ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရေလုပ်သားတို့အတွက် ရေရှည်တည်မြဲစေမည့် ထောက်ပံ့မှုစနစ်တစ်ခု ဖွံ့ဖြိုးစေခြင်းနှင့် အခြားအစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊ နည်းပညာနှင့် စောင့်ကြည့်ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဖြင့် လုပ်ငန်းများဖော်ထုတ်ခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက် ပိုမိုခိုင်မာလာစေရန် နိုင်ငံတော်နှင့် လုပ်ငန်းရှင်များအကြား လိုအပ်ချက်များကို အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် ဈေးကွက်ချိတ်ဆက်ခြင်းတို့သည် ငါးသလောက်ထုတ်လုပ်တင်ပို့သောနိုင်ငံအတွက် ပြည်ပဝင်ငွေကို နှစ်စဉ်ရရှိစေမည့်အပြင် အစဉ်အလာကောင်းဖြစ်သော ရေသယံဇာတထိန်းချုပ်မှု စွမ်းရည်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေအဖြစ် ကျန်ရစ်စေမည်ဖြစ်သည်။

**ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှုမှတ်တမ်း**

ငါးသလောက်ကို ငါးသယံဇာတထိန်းသိမ်းရေးနည်းလမ်း(Conservation Measure)ဖြင့် စနစ်တကျ ဆောင်ရွက်ခြင်းသည် ထုတ်လုပ်မှုကို တိုးတက်စေမည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ယနေ့အချိန်အခါတွင် ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းကို ဘင်္ဂလားဒေ့ရှ်မှ ထုတ်လုပ်နေကြောင်း ဘင်္ဂလားဒေ့ရှ်၏ Worldfish အဖွဲ့က ပြောကြားထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငါးသလောက် သားပေါက်ရာသီဖြစ်သော အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ၂၂ ရက်ကြာ ငါးဖမ်းဆီးခြင်းကို ရပ်ဆိုင်းထားပြီး ထိုကာလအတွင်း၌ တရားဝင်မှတ်ပုံတင်ထားသော ရေလုပ်သားတို့၏ လူမှုဖူလုံရေးအထောက်အပံ့ အစီအစဉ်ကို အစိုးရ၏စီမံမှုဖြင့် လူမှုအဖွဲ့အစည်းများက နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငါးသလောက်ထုတ်လုပ်မှု**

ငါးသလောက်ဥဆောင်အမများနှင့် သားပေါက်များကိုဖမ်းဆီးခြင်းမှ တားမြစ်ခြင်းနှင့် ငါးမဖမ်းရနေရာများ(ဘေးမဲ့ဇရိယာ) တိုးချဲ့သတ်မှတ်ကာကွယ်ပေးခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငါးသလောက်ထုတ်လုပ်မှုမှာ အပြောင်းအလဲမရှိဘဲ နှစ်စဉ် တိုးတက်နေခြင်းဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်က ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်းရှိခဲ့ပြီး စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ခဲ့ကာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှာမူ ငါးသလောက်ထုတ်လုပ်မှု ကျဆင်းခဲ့သည်။ အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်ပြီးလျှင် ဒုတိယအများဆုံး ငါးသလောက်ထုတ်လုပ်သော နိုင်ငံဖြစ်ပြီး ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းကို ထုတ်လုပ်ခဲ့သည်။ သို့သော် ယမန်နှစ်က ငါးသလောက် ထုတ်လုပ်မှုသည် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ငါးသလောက်ထုတ်လုပ်မှုတွင် တတိယနေရာ၌ရှိနေသည့် မြန်မာနိုင်ငံသည် ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသည်။ အခြားသော ငါးသလောက် ထုတ်လုပ်သည့် နိုင်ငံတို့မှာ အီရန်၊ အီရတ်၊ ကူဝိတ်တို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ထက် ထုတ်လုပ်မှုလျော့ကျသည်ကို ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှုမှတ်တမ်းတွင် တွေ့မြင်ရမည်ဖြစ်သည်။

**အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်ပြီးလျှင် ဒုတိယအများဆုံး ငါးသလောက်ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းကို ထုတ်လုပ်ခဲ့သည်။ သို့သော် ယမန်နှစ်က ငါးသလောက်ထုတ်လုပ်မှုသည် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ငါးသလောက်ထုတ်လုပ်မှုတွင် တတိယနေရာ၌ရှိနေသည့် မြန်မာနိုင်ငံသည် ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသည်။ အခြားသော ငါးသလောက်ထုတ်လုပ်သည့် နိုင်ငံတို့မှာ အီရန်၊ အီရတ်၊ ကူဝိတ်တို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ထက် ထုတ်လုပ်မှုလျော့ကျသည်ကို ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှုမှတ်တမ်းတွင် တွေ့မြင်ရမည်ဖြစ်သည်**



အိန္ဒိယ ငါးလုပ်ငန်း သုတေသနဌာနသည် ဘင်္ဂလားဒေ့ရှ်တွင် ငါးသလောက်ထုတ်လုပ်မှု တိုးတက်လာပုံကို ခေါင်းစဉ်တစ်ခုအဖြစ် ဆွေးနွေးခဲ့ဖူးသည်။ ECOFSH စီမံကိန်း၏ Worldfish (ဘင်္ဂလားဒေ့ရှ်) အဖွဲ့ခေါင်းဆောင်ဖြစ်သော ပါမောက္ခ Abdul Wahab သည် ဘင်္ဂလားဒေ့ရှ်၏ ငါးသလောက်ထုတ်လုပ်မှုအောင်မြင်ခြင်းကို တင်ပြခဲ့သည်။ အစိုးရအဖွဲ့အစည်းများမှ ငါးသလောက် ထုတ်လုပ်မှု တိုးတက်မြင့်မားနိုင်ရန် တီထွင်ထားသောပုံစံအား ယခုအခါ ဒေသတွင်းရှိ နိုင်ငံများစွာ လိုက်နာဆောင်ရွက်နေကြောင်း ၎င်းကပြောကြားခဲ့သည်။ ငါးသလောက်ဥဆောင် အမများနှင့် သားပေါက်များကို ဖမ်းဆီးခြင်းမှတားမြစ်ခြင်း၊ ငါးမဖမ်းဆီးရနေရာများ(ဘေးမဲ့ဇရိယာ) တိုးချဲ့၍ ငါးဖမ်းဆီးခြင်းမှ ကာကွယ်ပေးခြင်းတို့ကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် ငါးလုပ်ငန်း သုတေသနဌာနနှင့် Worldfish(ဘင်္ဂလားဒေ့ရှ်) တို့သည် ငါးသလောက်မျိုးစိတ်၏ မျိုးရိုးဗီဇနှင့်ဆိုင်သော ထူးခြားသည့်လက္ခဏာများနှင့် ကြီးထွားဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးသည့် စွမ်းအားများကို ပထမဆုံး လေ့လာမှုပြုလုပ်ခဲ့သည်။

**စာရင်းဝင်ရေလုပ်သားများအား အကူအညီပေးခြင်း**

ငါးမဖမ်းရ(ဘေးမဲ့ဇရိယာ) နေရာများတွင်ရှိသော ငါးသလောက်များသည် ကြီးထွားရှင်သန်နိုင်သော အခွင့်အလမ်းများနှင့် ပင်လယ်ပြင်မှ ပြန်လာရန် အခွင့်အလမ်းများစွာ ရှိနေကြသည်။ ငါးသလောက်သားပေါက်ခြင်း၊ သားပေါက်များကို ဖမ်းဆီးခြင်းမှ ကာကွယ်နိုင်ခြင်းနှင့် ငါးသလောက်ဖမ်းသည့် ပိုက်ကွန်အရွယ်အစားအနေဖြင့် ၄ ဒသမ ၅ စင်တီမီတာ (၁ ဒသမ ၇၇ လက်မ)မှ ၆ ဒသမ ၅ စင်တီမီတာ(၂ ဒသမ ၅၅ လက်မ)ဖြင့် ဖမ်းဆီးခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ငါးသလောက်ထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ငါးလုပ်ငန်းနှင့် မွေးမြူရေးဝန်ကြီးက သုံးသပ်ပြောကြားထားသည်။

ငါးသလောက်သားပေါက်ကို ကာကွယ်သော လှုပ်ရှားမှုတွင် တစ်စိတ်တစ်ပိုင်းဖြစ်သည့် နှစ်စဉ် ငါးသလောက်သားပေါက်ရာသီ အောက်တိုဘာ ၆ ရက်မှ ၂၈ ရက်အတွင်း ၂၂ ရက်ကြာ ငါးဖမ်းဆီးခြင်းကို ရပ်ဆိုင်းထားရာ ထိုအချိန်တွင် အစိုးရက လူမှုဖူလုံရေးအစီအစဉ်အောက်ရှိ စာရင်းဝင်ရေလုပ်သားများအား အကူအညီပေးခြင်းဖြင့် နိုင်ငံ၏ ငါးသလောက်ထုတ်လုပ်မှု တိုးမြှင့်လာခြင်းကို အဓိက အထောက်အပံ့ဖြစ်စေခဲ့သည်ဟု ရေသယံဇာတကျွမ်းကျင်သူများကလည်း ထောက်ပြလျက်ရှိသည်။

**သုတေသနကိုအခြေခံသော စီမံခန့်ခွဲမှုများမှတစ်ဆင့်**

ဘင်္ဂလားပင်လယ်အော် ရေပြင်အတွင်း ရွှေ့ပြောင်းသွားလာ ကျက်စားနေသော ငါးသလောက် ငါးမျိုးစိတ်သည် အထူးသဖြင့် မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်သုံးနိုင်ငံတွင်ရှိသော ကမ်းခြေများတွင် အုပ်စုလိုက် ရွှေ့ပြောင်းသွားလာနေထိုင်လျက်ရှိပြီး ငါးသလောက်များ၏ မျိုးပွား ဇီဝဗေဒဆိုင်ရာအရ ပင်လယ်အတွင်း ကြီးပြင်း၍ သားပေါက်ရန်အတွက် ရေချို/ရေငန်စပ် ရေပြင်များ ဖြစ်သော မြစ်ချောင်းများအတွင်းသို့ ဝင်ရောက် သားပေါက်လေ့ရှိရာ အဆိုပါသားပေါက်များသည် တစ်ဖန် ပင်လယ်ပြင်အတွင်းသို့ အုပ်စုလိုက် ရွှေ့ပြောင်းကြီးပြင်းသည့် (Anadromous) ငါးမျိုးစိတ်ဖြစ်သည်။

ထိုသို့အုပ်စုလိုက် ရွှေ့ပြောင်းသွားလာကျက်စားလေ့ရှိသော ငါးသလောက်များကို စနစ်တကျဖမ်းဆီးမှုသည် နိုင်ငံအတွက် တစ်နေ့တစ်လုံး ရွှေဥများဥချပေးနေသည့်ပမာ ငါးသလောက်ရေသယံဇာတကို ရေရှည်ထုတ်ယူ သုံးစွဲနိုင်မည်ဖြစ်သည်။ ငါးသလောက်များ မျိုးပွားသားပေါက်ရန် စားကျက်များနှင့် ငါးနေထိုင်သွားလာမှုကို အကာအကွယ်ပေးခြင်း၊ သားပေါက်များကိုလွတ်လပ်စွာ ကြီးထွားခွင့်ပေးခြင်း၊ အုပ်စုလိုက်ရွှေ့ပြောင်းရာလမ်းကြောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ သဘာဝတွင် သားပေါက်နိုင်သောအခြေအနေများကို တိုင်းတာခြင်း စသည့် သုတေသနလုပ်ငန်းများကို မြန်မာ့ရေပြင်အတွင်း ကွင်းဆင်းဆောင်ရွက်ထားပြီးဖြစ်ရာ သုတေသနရလဒ်ကောင်းများကို အခြေခံသော ထိရောက်သည့် စီမံခန့်ခွဲမှုများမှတစ်ဆင့် ငါးသလောက်အရင်းအမြစ်များ တည်တံ့မှုကို သေချာစေရန် လိုအပ်လာမည်ဖြစ်သည်။

**ကမ္ဘာ့နံပါတ်တစ် နေရာသို့**

၂၀၁၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် ငါးလုပ်ငန်းဦးစီးဌာန သုတေသနအဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ငါးသလောက်တစ်ကောင်၏ ပျမ်းမျှအလေးချိန်သည် ၅၁၀ ဂရမ်(၃၁ ဒသမ ၈ ကျပ်သား)ရှိခဲ့ပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း၌ ၉၁၅ ဂရမ် (၅၇ ဒသမ ၁ ကျပ်သား)အထိ ပိုမိုတိုးတက်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တစ်ကောင် ပျမ်းမျှအလေးချိန် ၁ ဒသမ ၅ ကီလို(၉၅ ကျပ်သား)နှင့် ၂ ဒသမ ၅ ကီလို(၁ ဒသမ ၅၆ ပိဿာ)ရှိသော ငါးသလောက်များကို ဖမ်းဆီးတင်ပို့ခဲ့သည်။

အိန္ဒိယ၊ မြန်မာနှင့် အာရေဗျပင်လယ်နှင့် ထိစပ်နေသော နိုင်ငံများမှ ငါးသလောက် တစ်ကောင်၏ ပျမ်းမျှအလေးချိန်သည် ၅၀၀ ဂရမ် (၃၁ ဒသမ ၂၅ ကျပ်သား)မှ ၆၀၀ ဂရမ်(၃၇ ဒသမ ၅ ကျပ်သား)ရှိသောကြောင့် အရသာကောင်းမွန်သော ဘင်္ဂလားဒေ့ရှ် ငါးသလောက်ကို ယှဉ်ပြိုင်နိုင်ရန် ငါးသလောက်သားပေါက် ထိန်းသိမ်းရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့်သက်ဆိုင်သည့် သိပ္ပံဆိုင်ရာ သုတေသနအပေါ် အခြေခံသည့် ငါးသလောက်ထုတ်လုပ်မှု တိုးမြှင့်ရေး၏ အဆင့်တိုင်းကို လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်သည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ငါးမဖမ်းဆီးရန်နေရာ(ဘေးမဲ့ဇရိယာ)များကို ကာကွယ်စောင့်ရှောက်ခြင်း၊ တားမြစ်ထားစဉ်ကာလအတွင်း ငါးသလောက်များကို မဖမ်းဆီးရန် ကြပ်မတ်ခြင်း၊ ဥပဒေစိုးမိုးရေးတွင် အစိုးရဌာနများ လက်တွဲလုပ်ဆောင်ခြင်းတို့ဖြင့် မြန်မာ့ငါးသလောက်သားပေါက်များကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် ရေရှည် အကျိုးဖြစ်ထွန်းစေမည့် ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ငါးသလောက်များ စံချိန်တင် ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ငါးသလောက်တင်ပို့မှုတွင် ထိပ်ဆုံးနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ နှာခေါင်းစည်း (Mask) ရှစ်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရယ်မြို့နယ် ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်အကြောင်း အသိပညာပေးဆော်ဩမှုများ စဉ်ဆက်မပြတ်ပြုလုပ်

**မိုင်းရယ် မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုများကို ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပြည်သူများအား အသိပညာပေးခြင်း ကို ယနေ့နံနက် ၁၀ နာရီက မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ကိုင်အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဆော်ဩမှုပြုလုပ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်အကြောင်း အသိပညာပေးဆော်ဩမှုများကို မိုင်းရယ်မြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းတွင် လည်းကောင်း၊ ကျေးရွာများသို့ လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လာရောက်ထိုးနှံကြရန်နှင့် မလိုအပ်ဘဲ အပြင်မထွက်ရန်၊ စနစ်တကျ လက်ဆေးရန်နှင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ရန် မိုင်းရယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့များ ပူးပေါင်း၍ ကိုဗစ်-၁၉ အသိပညာပေးဆော်ဩမှုများကို စဉ်ဆက်မပြတ် အသိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ထိုက်(ပြန်/ဆက်)**


# မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀) အစုန်ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် မတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀) အစုန်ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက် နံနက် ၁၀ နာရီခန့်တွင် မွန်ပြည်နယ် သထုံမြို့နယ် နန်းခဲရပ်ကွက်ရှိ သထုံဘူတာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မှ ရန်ကုန်သို့ စက်ခေါင်းမောင်း ဦးမင်းလွင်၊ ရထားထိန်း ဦးမြင့်အောင်၊ တွဲထိန်း ဦးသန်းဇော်ဦးတို့ မောင်းနှင်လာသည့် လူစီးတွဲ ၁၂ တွဲ၊ မိုင်းခံတွဲ တစ်တွဲ၊ ဂတ်တွဲ တစ်တွဲပါ ခရီးသည် ၃၅၀ ခန့် လိုက်ပါလာသည့် စက်ခေါင်းအမှတ် DF 1228 အမှတ် (၉၀) အစုန်ရထားသည် ရထားလမ်းမိုင်တိုင်အမှတ် ၁၃၈ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား သထုံဘူတာနှင့် ၆ ဖာလုံခန့်အကွာ အလံချိုးသည့်နေရာအရောက်တွင် ရထားတွဲအမှတ် BDFEZ–12205 ဒုတိယတွဲ(ပထမတန်း)အောက်မှ လက်လုပ်အသံမိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ကွန်ကရစ် ဇလီဖားတုံး တစ်တုံး လေးလက်မပတ်လည်ခန့်ပျက်စီးခဲ့ပြီး သံလမ်းထိန်းကလစ် တစ်ကွင်း အနည်းငယ်ကွေးသွားခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန်အတွက် ရထားအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ



နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ဖားကန့်မြို့နယ် မဇွပ်ယန်ကျေးရွာအနီး လုံးခင်း–ဆန်ခါ ကားလမ်းပေါ်တွင် မကိုင်ဘရိမ်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု အိန္ဒုကျေးရွာတိုးဂိတ်အနီး ဘားအံ–အိန္ဒုကားလမ်းတွင် စောမိုင်အွာ မောင်းနှင်ပြီး မအေးသောင်းနှင့် မလွင်မာလှိုင်တို့ လိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ စော်ဘွား(အင်း) ရပ်ကွက်နေ မဝင်းမာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ ကိုလည်းကောင်း၊ ထို့အတူ မတ် ၁ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်တွင် မိုးဇော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မဝင်းမာအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မိုးကုတ်မြို့နယ်၌ ငွေကျပ် ၂၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

မိုးကုတ်မြို့နယ်၌ ငွေကျပ် ၂၀ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



စိုးမြင့်နိုင်ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းလုံမှ မိုးကုတ်သို့ မောင်းနှင်လာသည့် Nissan ခြောက်ဘီးယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းဖြစ်သူ ဝေသူမှာ ထွက်ပြေးသွားပြီး ယာဉ်နောက်လိုက် အေးနိုင် (ခ) စိုးမြင့်နိုင် (၃၀နှစ်)နှင့်အတူ ဒေသကာလတန်ဖိုး ငွေကျပ် ၂၀ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စားသောက်ကုန်မျိုးစုံ၊ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၇ ဒသမ ၆၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၈၇၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့ရှောင်လမ်းမကြီး နမ္မတူလမ်းခွဲအနီးတွင် တန့်ယန်းမှ မူဆယ်သို့ ထွက်ခွာလာသည့်မော်တော်ယာဉ်များအား လားရှိုးမြို့နယ် တာဝန်ကျအကောက်ခွန်အဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် အချိုရည်မျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ်



၁၇၆၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၉၅၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀ နှင့် စိုက်ပျိုးရေးသုံးပစ္စည်းနှင့် စားသောက်ကုန်မျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၄၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ကျွန်းသစ်နှင့် ကျွန်းခွဲသား ၂၁ ဒသမ ၅၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၉၆၈၀ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၉၆၈၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၇၇၈၅၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၃-၂၀၂၂ သောကြာနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ခေမာသုတ် (?) အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၀** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၂၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လှုမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၅:၀၀** ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာများ 'သချာင်္ဘာသာရပ်'
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၃၅** Weekly Sports Info
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ) (အပိုင်း-၄)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၆) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'ချစ်သည်းစွဲ MRTV ORCHESTRA' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်ခုခုဖြစ်သွားခြင်းအကြောင်း'

### mitv

**07:02** Evergreen Classic: Parami Taw (Hnin Hnin Htoo)
**07:08** The Ornithologist: Dr. Thein Aung
**07:40** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**08:01** Dances of Myanmar: Kayah Traditional Flag Post Festival
**08:06** Karunar Kabar Home for the Aged (Nay Pyi Taw)
**08:26** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**09:01** News
**09:25** Global Partnership for Brighter Future: Honduras Pavilion at Expo 2020 Dubai
**09:36** Myanmar Orchestra: A Blend of Arts!
**09:48** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**10:02** Sweet Delicacy of Pathein

### MRTV NRC

**ပအိုဝ်းဘာသာ (?) ဝကေကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြစို့
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှင်္ဂါရန်ကို(အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ရင်သားကင်ဆာအကြောင်း
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နိုင်းယှဉ်ဆုံးမစကား(စကားပုံများ)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးဖယ်ခြစ်မရုပ်ပြားချက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက္ကာလိုဏ်ဂူ
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝဘာသာစကားပြောကြရအောင် (ဆွေမျိုးများအခေါ်အဝေါ်)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဝေဟာစနစ်မပျက်ယွင်း ကချင်ပြည်နယ်ကအင်းတော်ကြီး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၇:၃၅** အသိပညာနှင့်အမှန်တရား
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ) (အပိုင်း-၄)
**၁၀:၀၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရေအားဆုံးကုန်းတစ်ဝက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ပဲစိုက်တောင်သူများသုံးစွဲသင့်သည့် ပဲမြစ်ဖုဇီဝမြေဩဇာ
**၀၇:၁၅** စက်မှုလယ်ယာခေတ်သစ်ဆီ အားသစ်လောင်းလို့လက်တွဲညီ
**၀၈:၀၀** ကျေးလက်တွန်ရက်
**၀၈:၂၅** တိုက်ကြီးဒေသဆင်းသုခအလှ
**၀၉:၄၅** ယာဗက်မှာနည်းပညာ ဘယ်ဖက်မှာ စာရင်း ဖယားသေချာတဲ့မိသားစုလယ်ယာစီးပွား

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ဝနေ့တနင်္ဂနွေ မှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ( ၂၀၂၂ ခုနှစ် )

" စဉ်ဆက်မပြတ် တိုးတက်ဖို့ ကျား၊ မတန်းတူ ညီမျှစို့ "

" Gender equality today for a sustainable tomorrow "

၈-၃-၂၀၂၂ နေပြည်တော်

---

## ရထားလုံးကော်ဖီ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် စက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက်က သဘာဝကော်ဖီများ ထုတ်လုပ်ဖြန့်ဖြူး

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာအုပ်စု မှိုင်းလုံးကျေးရွာရှိ ရထားလုံးကော်ဖီ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် စက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက်က သဘာဝကော်ဖီသီးနှံများကို စိုက်ပျိုးပြီး ထွက်ရှိလာသော ကော်ဖီစေ့များကို ကြိတ်ခွဲ၍ သန့်ရှင်းပြီး အရသာကောင်းမွန်သော အသင့်သောက်သုံးနိုင်သည့် 3 in 1 ကော်ဖီထုပ်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် အသင်းမှ သဘာဝ ကော်ဖီမှုန့်များအပြင် ဟင်းခတ်မှုန့်နှင့် သဘာဝ ဖြည့်စွက်စာများကိုပါ ထုတ်လုပ်ပြီး ရန်ကုန်၊ ပြင်ဦးလွင်၊ ပုသိမ်၊ မအူပင်နှင့် မြစ်ကြီးနား မြို့များကို ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မတ် ၃ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ တစ်ခုမှ Movfor Capsule ၁၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Face Mask ၂၀၂၄၀၀၀၊ ဆေးဝါးမျိုးစုံ ၃၉ မျိုး စုစုပေါင်း ၁၁၄၆၀၀ ဒသမ ၁၇ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၉၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၁၅/၁၉၂၅ ကျပ် | ၁၉၃၅/၁၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၆၅/၁၉၃၅ ကျပ် | ၁၉၆၀/၁၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၀၀/၁၉၁၀ ကျပ် | ၁၈၆၀/၁၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၀၀/၁၉၇၅ ကျပ် | ၂၀၆၀/၂၀၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၅၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၃၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၁၆၇၀ | ၁၃၆၆၇၀၀၀ |
| MTSH | ၃၀၀၀ | ၂၉၀၀ | ၃၀၀၇ | ၉၀၁၅၇၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀၀ | ၇၈၀၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၃၇၅ | ၇၁၂၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၈၀၀ | ၄၈၆၀၀၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၆ | ၁၇၄၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၅ | ၃၂၅၀၀၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသမီးတို့၏ စွမ်းရည်ကဏ္ဍနှင့်တန်ဖိုး

ကိုကျော်စွာ(ကျိုက်ပိ)

ယနေ့ကမ္ဘာပေါ်တွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများလာသည်ကို အားလုံး သတိပြုမိပေလိမ့်မည်ဟု ထင်ပါသည်။ စာရေးသူတို့နိုင်ငံတွင် လူဦးရေ ၅၄ ဒသမ ၉ သန်းကျော်ရှိရာ အမျိုးသမီးဦးရေသည် ၅၂ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ဤကဲ့သို့ အမျိုးသမီးရာနှုန်းတိုးတက်လာသည်နှင့်အမျှ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည်လည်း အရေးပါလာပါသည်။ Lady first ဟူသောစကားလုံး တွင်ကျယ်လာသည်အထိ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် ဦးစားပေးဖြစ်လာခဲ့သည်။ ဖြစ်လည်းဖြစ်ထိုက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ အမျိုးသမီးတိုင်းသည် စွမ်းဆောင်ရည်မြင့်မား၍ ဂုဏ်ရည်ကြီး၍ တန်ဖိုးရှိသောကြောင့် ဖြစ်ပါသည်။ ယခုဆောင်းပါး၌ မိန်းမ၊ မိန်းမသားဟူသော ဝေါဟာရနှင့် အမျိုးသမီးဟူသော အသုံးအနှုန်းကို အလျဉ်းသင့်သလို သုံးနှုန်းချင်ပါသည်။

**အမျိုးသမီး (သို့မဟုတ်) မိန်းမသားဆိုသည်မှာ**

အမျိုးသမီး (သို့မဟုတ်) မိန်းမသားများသည် မိမိတို့၏ ပင်ကိုသဘာဝအရ နူးညံ့သိမ်မွေ့ကြသည်။ လုပတင့်တယ်၍ ကျက်သရေရှိခြင်း အသွင်သဏ္ဌာန်ကို ဆောင်နေကြသည်။ ထို့ကြောင့် အမျိုးသမီးများကို ပန်းပွင့်များဖြင့် တင်စားလေ့ရှိကြပါသည်။ အမျိုးသမီးများသည် ပန်းပွင့်များကဲ့သို့ နူးညံ့လှပခြင်း၊ နွဲ့နှောင်းခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းနှင့် မြင်ရသူတို့၏ ဘဝင်နှလုံးကို ကြည်နူးနှစ်သက်အောင် စွမ်းဆောင်နိုင်သည့် တင့်တယ်မှုမျိုးလည်း ရှိပေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်ကပင် အင်္ဂုတ္တရပါဠိတော်၌ "မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ ယောကျ်ားတို့၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်သော အဆင်းသဏ္ဌာန်မျိုးကို ဤလောက၌ ငါဘုရားမြင်တော်မမူ"ဟု ဟောတော်မူခဲ့ပါသည်။ အမျိုးသမီးဟူသည် ထိုသို့သောပုဂ္ဂိုလ်များဖြစ်သည်။

**အမျိုးသမီးတို့၏ အခန်းကဏ္ဍ**

ဟိုးယခင်က အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရခဲ့ကြပေ။ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် မှေးမှိန်နေခဲ့သည်။ သို့သော်လည်း ယခု ၂၁ ရာစုတွင်အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ အခွင့်အရေးများ အညီအမျှ ရရှိလာခဲ့ကြသည်။ အမျိုးသမီးများ၏ကဏ္ဍ မြင့်မားလာအောင် အမျိုးသမီးများကိုယ်တိုင် တောင်းဆိုလာကြသလို အမျိုးသမီးများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်း၍ အမျိုးသမီးတို့၏ အရေးပါသော အခန်းကဏ္ဍကို လက်တွေ့လုပ်ဆောင်ပြီး မြှင့်တင်ခဲ့ကြသည်။ စာရေးသူတို့နိုင်ငံတွင် အမျိုးသမီးရေးရာအဖွဲ့အစည်းသည် စာရေးသူတို့နိုင်ငံရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့လို အမျိုးသမီးများကို ကာကွယ်ပေးသည့် ဒိုင်းတစ်ခုလည်း ဖြစ်ခဲ့သည်။ ထို့ပြင် အမျိုးသမီးများသည် ပုခက်လွှဲသော လက်ပိုင်ရှင်များဖြစ်ကြသည်။ ထိုလက်ပေါင်းစွာသည် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိပါသည်။ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလှသည်။ မိသားစုနှင့် ကလေးငယ်များကို ပြုစုပျိုးထောင်မှု၊ မိခင်ဘဝဖြင့် မိမိ၏ သားသမီးများကို ပြုစုပျိုးထောင်ခြင်းတို့သည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း အဓိကကဏ္ဍမှ




❍ **ဟိုးယခင်က အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရခဲ့ကြပေ။ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် မှေးမှိန်နေခဲ့သည်။ သို့သော်လည်း ယခု ၂၁ ရာစုတွင် အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ အခွင့်အရေးများ အညီအမျှရရှိလာခဲ့ကြသည်။ အမျိုးသမီးများ၏ကဏ္ဍ မြင့်မားလာအောင် အမျိုးသမီးများကိုယ်တိုင် တောင်းဆိုလာကြသလို အမျိုးသမီများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်း၍ အမျိုးသမီးတို့၏ အရေးပါးသော အခန်းကဏ္ဍကို လက်တွေ့လုပ်ဆောင်ပြီး မြှင့်တင်ခဲ့ကြသည်။ စာရေးသူတို့နိုင်ငံတွင် အမျိုးသမီးရေးရာအဖွဲ့အစည်းသည် စာရေးသူတို့နိုင်ငံရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့လို အမျိုးသမီးများကို ကာကွယ်ပေးသည့် ဒိုင်းတစ်ခုလည်း ဖြစ်ခဲ့သည်**

ပါဝင်နေပါသည်။

ယခုအခါ အမျိုးသမီးများသည် လူမှုရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်နှင့် နိုင်ငံရေးနယ်ပယ်အထိ အမျိုးသမီးတို့သည် ကဏ္ဍအသီးသီးမှ ပါဝင်လျက်ရှိနေပါသည်။

**အမျိုးသမီးတို့၏ စွမ်းရည်နှင့်တန်ဖိုး**

လူတိုင်းတွင် စွမ်းရည်နှင့် တန်ဖိုးကိုယ်စီရှိကြသည်။ ထိုအထဲတွင် အမျိုးသမီးများလည်း ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် ရှိသမျှသော အမျိုးသမီးတိုင်းသည် စွမ်းရည်ရှိကြသည်။ တန်ဖိုးရှိကြသည်။ ယနေ့ခေတ်တွင် အမျိုးသမီးများသည် ချက်ပြုတ်လျှော်ဖွပ်ခြင်းစသော အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်နေခြင်းမျိုးမဟုတ်တော့ပေ။ အမျိုးသမီးတို့၏ စွမ်းရည်နှင့် တန်ဖိုးကို အသုံးချနိုင်သောအနေအထားသို့ ပြောင်းလဲလာခဲ့သည်။

အမျိုးသမီးများသည် ကြီးမားသော အဆောက်အအုံများကို ဦးဆောင်တည်ဆောက်နိုင်ကြသည်။ လူသားတို့၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်မည့် ပထမဦးဆုံး ပြည်သူ့ဆေးရုံကြီးကို တည်ဆောက်ခဲ့သူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်။ အေဒီ ၃၉၇ ခုနှစ်က ရောမနိုင်ငံတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"စာအုပ်စာပေလူမိတ်ဆွေ" "အလိမ္မာ စာမှာရှိ" စသည်ဖြင့် ဆိုရိုးစကားများရှိပါသည်။ ယနေ့ကမ္ဘာသူ ကမ္ဘာသားတို့ စာအုပ်စာပေလေ့လာခွင့်ရအောင် အသိဉာဏ်တိုးပွားအောင် စာပေကိုလေ့လာကြရသည်။ ယနေ့ စာရေးသူတို့နိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် အမျိုးသားများနည်းတူ စာပေကောင်းများကိုရေးသားခဲ့သော အမျိုးသမီးများလည်း ရှိခဲ့ပါသည်။ စာရေးသူတို့နိုင်ငံတွင်လည်း ပထမဆုံးအမျိုးသမီး အယ်ဒီတာမှာ ဒေါ်ဖွားရှင်ဖြစ်သည်။ ရှေးရှေးက စာဆိုများဖြစ်သော မယ်ခွေ၊ လှိုင်ထိပ်ခေါင်တင်၊ ဂျာနယ်ကျော်မမလေး၊ နုယဉ်၊ ငွေတာရီစသည့် အမျိုးသမီးများသည် မြန်မာစာပေလောကအတွက် တန်ဖိုးရှိလှသောအမျိုးသမီးများဖြစ်ကြသည်။ နိုင်ငံတကာတွင် လေရူးသုန်သုန်ဝတ္ထုကို ရေးခဲ့သူ "မာဂရက်မစ်ချယ်"နှင့် ၁၉၂၇ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော ကမ္ဘာကျော် မီးပြတိုက်ဝတ္ထုကိုရေးခဲ့သူ ဗာဂျီးနီးယားဝုဖ်တို့သည်လည်း တန်ဖိုးကြီးလှသော အမျိုးသမီးများပင်ဖြစ်ပါသည်။

မြန်မာအမျိုးသမီးထဲမှ ပထမဦးဆုံး ဆေးပညာ F.R.C.S ဘွဲ့ကို ရရှိခဲ့သောဒေါက်တာမှာ ဒေါ်စောဆ ဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် ရခဲလှသော F.R.C.S ဘွဲ့ကို Royal College of Surgeons ကျောင်းမှ ပထမဆုံးမြန်မာအမျိုးသမီးအနေဖြင့် ရရှိခဲ့ပါသည်။ အေဒီ ၁၈၆၀ ခုနှစ်တွင် ဂျပန်နိုင်ငံရှိ ဖူဂျီယာမတောင်ကို အမျိုးသမီး ၁၆ ဦး တက်ရောက်နိုင်ခဲ့သည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း အေဒီ ၁၉၅၆ ခုနှစ်က ဂိုလ်ဒါမီယာဆိုသော အမျိုးသမီးသည် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာမူ ဘာဗလီမက်လာချင် အမည်ရှိသည့် အမျိုးသမီးသည် ကနေဒါနိုင်ငံ၏ ပထမဆုံး အမျိုးသမီးတရားသူကြီးချုပ် ဖြစ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏မြေပုံကို ပထမဆုံးရေးဆွဲသူမှာ မြန်မာအမျိုးသမီးတစ်ဦးဖြစ်သူ ဒေါ်သင်းကြည်ဖြစ်သည်ဟု သိရသည်။ ရှင်စောပုသည် မြန်မာနိုင်ငံကို ပထမဆုံးအုပ်ချုပ်ခဲ့သော ဘုရင်မဖြစ်သည်။

ဘာသာရေးဘက်တွင် ဘုရားရှင်လက်ထက်တော်အခါက အမျိုးသမီးဘိက္ခုနီများ ရှိခဲ့ပါသည်။ ထိုဘိက္ခုနီရဟန်းမများသည်လည်း ရဟန်းများကဲ့သို့ ပညာအရာ၊ တန်ခိုးအရာတို့၌ "ဧတဒဂ်"ဘွဲ့ထူးများကို ရရှိခဲ့ကြသည်။ ယခုခေတ်အခါတွင်လည်း သာသနာတွင် ထင်ရှားသော အမျိုးသမီးများလည်း ရှိနေကြဆဲ ဖြစ်ပါသည်။ ထို့အပြင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော အမျိုးသမီးများလည်းရှိသည်။ သူနာပြုဆရာမတစ်ဦးဖြစ်သူ ဖလောရင့်နိုက်တင်ဂေးသည် ၁၈၅၃ မှ ၁၈၅၆ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ခရိုင်းမီးယားစစ်ပွဲ၌ ဒဏ်ရာရစစ်သားများကို ဆေးကုပေးခဲ့သည့် သူနာပြုတစ်ယောက်ဖြစ်သည်။ သူမ၏ ရဲစွမ်းသတ္တိ နှင့် စွမ်းဆောင်ရည်ကြောင့် သူနာပြုဆရာမတစ်ယောက်အဖြစ် ကမ္ဘာကျော်ခဲ့သည်။ လူအိုများကို ဂရုဏာပွားလျက် ပြုစုစောင့်ရှောက်ပေးခဲ့သူ ဒေါ်ဦးဇွန်းနှင့် လူဆင်းရဲတို့၏ဘဝကို စာနာပေးခဲ့သူ မာသာထရီဇာတို့သည်လည်း လူအများလေးစားရသည့် အမျိုးသမီးများဖြစ်သည်။

အထက်၌ စာရေးသူဖော်ပြခဲ့သည့် အမျိုးသမီးများမှာ အနည်းငယ်မျှသာဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ကဏ္ဍအသီးသီး၌ စွမ်းဆောင်ရည်ပြည့်ဝပြီး လူအများအတွက်တန်ဖိုးရှိသော အမျိုးသမီးများစွာလည်း ရှိနေပါသေးသည်။ အမျိုးသမီးတိုင်းသည် ကဏ္ဍအလိုက် စွမ်းရည်တစ်ခုခု တန်ဖိုးတစ်ခုခုတော့ ရှိကြစမြဲဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့**

၁၉၁၀ ပြည့်နှစ်က ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးညီလာခံတွင် ဂျာမနီနိုင်ငံမှ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးဖြစ်သူ "မီးစ်ကလယ်ရာဇယ်ကင်း"၏ အကြံပြုချက်အရ နှစ်စဉ် မတ်လ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် နှစ်စဉ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤကဲ့သို့ ကျင်းပခြင်းသည် အမျိုးသမီးတို့၏ အခန်းကဏ္ဍ အရေးပါပုံနှင့် အမျိုးသမီးတို့၏ စွမ်းရည်များကို အသိအမှတ်ပြုခြင်းဖြစ်ပြီး အမျိုးသမီးတို့၏ တန်ဖိုးကိုလည်း ပြသရာရောက်ပါသည်။ ၁၉၇၅ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် နှစ်စဉ်ဆောင်ပုဒ်တစ်ခု သတ်မှတ်ပြီး ကျင်းပလေ့ရှိပါသည်။

အချုပ်အားဖြင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ စွမ်းဆောင်ရည်မြင့်မားသူများ ဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးကြီးလှပါသည်။ ယနေ့ အထူးချွန်ဆုံး အသိပညာရှင် အတတ်ပညာရှင်များသည် တစ်ချိန်က အမျိုးသမီးတို့၏ ပြုပြင်ထိန်းကျောင်းမှုကို ခံခဲ့ရသူများသာ ဖြစ်သည်။ ထို့ကြောင့် ပုခက်လွှဲသောလက်သည် ကမ္ဘာကိုကိုင်လှုပ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာတစ်လွှားရှိ အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့် စွမ်းရည်တန်ဖိုးများကို အထက်တွင် စာရေးသူဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘာတစ်လွှားမှ အမျိုးသမီးထုကို အသိအမှတ်ပြုသည့်သဘောဖြင့် နှစ်စဉ် မတ်လ ၈ ရက်နေ့တိုင်း ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဤဆောင်းပါးဖြင့် ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၃**
မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း မတ် ၃**
နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား ကလေးငယ် နှစ်ဦးအပါအဝင် အမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း အလုပ်သမား ၁၃၁ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မတ် ၁ ရက်က ထိုင်းနိုင်ငံရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက် လွှဲပြောင်းပေးအပ်သည်။



အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလတစ်လျှောက် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ယခုကာလအတွင်း ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်ရောဂါပိုးတွေ့ရှိမှုဖြစ်ပေါ်နေသဖြင့် ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊NGO အဖွဲ့အစည်းများက ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ၊ မူးယစ်ဆေးဝါးသယ်ဆောင်လာခြင်း ရှိ မရှိ သတိပြုစစ်ဆေး လက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်များတွင် နေထိုင်သူများကို မော်တော်ယာဉ်များဖြင့် မိမိနေရပ်များသို့ ချက်ချင်းပို့ဆောင်ပေးကာ မိမိတို့၏ နေရပ်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူကြရမည်ဖြစ်သည်။

ကော့သောင်းခရိုင်အတွင်း နေထိုင်သူများနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူများကို ကော့သောင်းမြို့ရှိအသွားအလာကန့်သတ်စောင့်ကြည့်နေရာ နှစ်ခုတွင် အမျိုးသား အမျိုးသမီး သီးခြားစီခွဲခြားထားရှိပြီး ၁၀ ရက် အသွားအလာကန့်သတ်ထားရှိ စောင့်ကြည့်ကာ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

# ရပ်စောက်၌ နှာခေါင်းစည်းမတပ်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ ရှောင်တခင် စစ်ဆေး

**ရပ်စောက် မတ် ၃**
ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက စတင်ကာ နှာခေါင်းစည်း တပ်ဆင်သွားလာခြင်းမရှိသည့် လမ်းသွားလမ်းလာများကို RDT Test Kit ဖြင့် ကိုဗစ်-၁၉ရောဂါပိုး ရှိ မရှိ ရှောင်တခင် စစ်ဆေးပေးခြင်းကို ဥတ္တံ့တား ရပ်ကွက် ရေကြည်ချောင်းအနီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီသူနာပြု အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မြို့နယ်အတွင်း ကိုဗစ် -၁၉ရောဂါ ကူးစက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာနေရာများနှင့် မြို့ဝင်/မြို့ထွက် ဂိတ်များတွင် အခမဲ့ ကိုဗစ်-၁၉ ရှောင်တခင် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ပိုးတွေ့ အတည်ပြုလူနာများအား မြို့နယ်ပြည်သူ့ဆေးရုံရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ တာဝန်ရှိသူများက ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# မောင်တောမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်လှစ် ပို့ချပေးလျက်ရှိ

**မောင်တော မတ် ၃**
ရခိုင်ပြည်နယ် မောင်တောမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ နှစ် ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပို့ချသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်း သင်တန်းကို အောင်ဗလကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဦးစောထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကျေးရွာအတွင်းရှိ သင်တန်းသား ၂၀ တက်ရောက် သင်ယူမည်ဖြစ်ပြီး သင်တန်းကာလမှာ ၂၁ ရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းကို နည်းပြဆရာ နှစ်ဦးက စာတွေ့ ၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတွင် အထောက်အကူ ဖြစ်စေရန် အတွက် သင်တန်းသားတစ်ဦးလျှင် လျှပ်စစ်ဝိုင်ယာရိန်း ပြုပြင်ရာတွင် အသုံးပြုနိုင်မည့် ပစ္စည်းအမျိုးအစား ခုနစ်မျိုးကိုလည်း ထောက်ပံ့ပေးအပ်မည် ဖြစ်ကြောင်း သိရသည်။

**ခိုင်စိုး(မောင်တော)**

# ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအဖွဲ့က ပုဂံညောင်ဦးဒေသရှိ ဘုန်းတော်ကြီးကျောင်း ၅၀ သို့ လှူဖွယ်ပစ္စည်းများ လှူဒါန်း

**ညောင်ဦး မတ် ၃**

ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအဖွဲ့က ကမ္ဘာအနှံ့ ကျရောက်နေသော ကိုဗစ်ကပ်ရောဂါ ကင်းဝေးစေရန် ရည်ရွယ်၍ မတ် ၁ ရက်က မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဒေသရှိ စာသင်တိုက်ကျောင်းများအပါအဝင် ဘုန်းတော်ကြီးကျောင်း ၅၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ လာရောက် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ဆက်ကပ်လှူဒါန်းခြင်းကို ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလှူရှင် ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအဖွဲ့က ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပင့်သံဃာအရှင်သူမြတ်များက ကမ္ဘာအနှံ့ကျရောက်နေသော ကိုဗစ်ကပ်ရောဂါနှင့် အခြားသော ကပ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ရတနသုတ်၊ မေတ္တာသုတ်များကို ရွတ်ဖတ်ပွားများခဲ့ကြသည်။ ထို့နောက် အလှူရှင်များအဖွဲ့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချကာ အမျှအတန်းများပေးဝေခဲ့ကြပြီး ပုဂံညောင်ဦးဒေသရှိ စာသင်တိုက်ကျောင်း ငါးကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၄၅ ကျောင်းကို တစ်ကျောင်းလျှင် ဆွမ်းဆန်တော် ၁၂ ပြည် ၊ ဆီတစ်ပိဿာ၊ ကုလားပဲတစ်ပြည်နှင့် နို့ဆီဘူး၊ ကော်ဖီမစ်ထုပ်၊ အားဆေး၊ ဝတ္ထုငွေတို့ပါဝင်သော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

"ဦးဇင်းတို့ ပုဂံညောင်ဦးဒေသမှာရှိတဲ့ စာသင်တိုက်ကျောင်းငါးကျောင်း ၊ ဘုန်းတော်ကြီးကျောင်း ၄၅ ကျောင်းရှိ ဆရာတော်၊ သံဃာတော်တွေကို ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်တွေက ကမ္ဘာအနှံ့ ကျရောက်နေတဲ့ ကိုဗစ်ကပ်ရောဂါနဲ့ အခြားသော ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးစေဖို့အတွက် ရည်ရွယ်ပြီးတော့ ဆွမ်းဆန်တော် ၊ ဆီ ၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို လာရောက်လှူဒါန်းပေးတာ ဖြစ်ပါတယ်။ အဓိကကတော့ ကမ္ဘာအနှံ့ရှိ ပြည်သူပြည်သားအပေါင်းကို ကမ္ဘာ့ကပ်ရောဂါဘေးမှ ကင်းဝေးစေအောင် မြန်မာပြည်မှာရှိတဲ့ ဆရာတော်၊ သံဃာတော်တွေရဲ့ မေတ္တာဓာတ်ကို ခံယူတဲ့အနေနဲ့ ကုသိုလ်ပြုလှူဒါန်းခြင်းလည်း ဖြစ်ပါတယ်။ အလှူရှင်အဖွဲ့ဟာဆိုရင် နှစ်စဉ်နှစ်တိုင်း မြန်မာပြည်ကိုလာပြီး လှူဒါန်းပေးနေတာ ဖြစ်ပါတယ်။ ဦးဇင်းတို့ ပုဂံညောင်ဦးဒေသမှာ လာရောက်လှူဒါန်းမှုအနေနဲ့ ဒီတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။ မနေ့က ပုဂံမြို့ဟောင်းနဲ့ ပုဂံမြို့သစ်ရှိ စာသင်တိုက်ကျောင်းအပါအဝင် ဘုန်းတော်ကြီး ကျောင်း ၅၀ ကို လှူဒါန်းခဲ့တာဖြစ်ပြီး ဒီနေ့မနက်ပိုင်းမှာလည်း ညောင်ဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းနဲ့ စာသင်တိုက် ကျောင်းများမှ ဆရာတော် ၊ သံဃာတော်အပါး ၅၀ ကို ဦးဇင်းရဲ့ကျောင်းမှာ ပင့်ပြီးတော့ ဆက်လက်လှူဒါန်းပေးမှာ ဖြစ်ပါတယ်"ဟု ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဦးသာဂရက မိန့်ကြားသည်။




ရဲဝင်းနိုင် (ညောင်ဦး)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျဖြစ်စေရေး ဆွေးနွေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျဖြစ်စေရေး ညှိနှိုင်းဆွေးနွေးခြင်းကို မတ် ၂ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန့်စွမ်း၍ စိမ်းလန်းသာယာသန့်ရှင်းလှပသော၊ စည်းကမ်းပြည့်ဝလုံခြုံသည့် တိုင်းဒေသကြီးဖြစ်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရန် ထိန်းသိမ်းကြီးကြပ်ရေးသည် ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သို့ဖြစ်၍ စည်းကမ်းဖောက်ဖျက်မှုများကို တရားဥပဒေနှင့်အညီ အရေးယူမည့် အစီအစဉ်များ၊ စည်းကမ်း လိုက်နာစေရေးအတွက် ပညာပေးအစီအစဉ်များနှင့် အကောင်းဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေး နွေးတင်ပြပေးကြရန် ပြောကြားပြီး တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ အမှတ်(၂) ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ဒုတိယ ရဲမှူးကြီး သန်းမြင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်း စနစ်တကျဖြစ်စေရန် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်းများကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်နိုင်ရန် ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သောအဖွဲ့များ၊ လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြရန်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အများပြည်သူတို့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာတတ်သည့် အမူအကျင့်ရသည်အထိ ပညာပေး ဆောင်ရွက်ရန်၊ မော်တော်ယာဉ်နှင့် လမ်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်စေရေး ဆောင်ရွက်ရန်၊ စည်းကမ်းပျက် မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူခြင်းများရှိသော်လည်း စည်းကမ်းဖောက်ဖျက်သောယာဉ်များ ပိုမိုများပြားလာမှုမရှိစေရေး၊ ကျူးလွန်သူနှင့် ပျက်ကွက်သူများအား ထိရောက်ပြစ်ဒဏ်များ ချမှတ်၍ အရေးယူ ဆောင်ရွက်သွားရန်၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် လုပ်ငန်းကဏ္ဍအလိုက် ဌာနဆိုင်များပါဝင်သော အဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်သွားရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် နိဂုံးချုပ် ပြောကြားကြောင်း သိရသည်။

ဆန်းကျော်ဦး

(ပြန် /ဆက်)

# မြင်းမူမြို့နယ်၌ ဒေသခံပြည်သူ ၂၂၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီး

**မြင်းမူ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် သာသနာ့အနွယ်ဝင်များ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများကို မြို့နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ အများပြည်သူရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိသည်။

မြင်းမူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် အကျုံးဝင်သူပေါင်း ၉၉၀၅၂ ဦးရှိကြောင်း၊ မတ် ၁ ရက်အထိ မြို့နယ်တွင်း ကာကွယ်ဆေး ထိုးနှံပြီးစီးသူပေါင်း ၂၂၇၃၅ ဦးရှိပြီဖြစ်ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အသက် ၅၀ ပြည့်ပြီး နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၀ ပြည့်ပြီး အငြိမ်းစားဝန်ထမ်းများကိုလည်း Booster Dose ဆေးများထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး ဆောင်ရွက်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ မြို့နယ်သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အောင်စိုးဖေ(မြင်းမူ)

# ကသာမြို့၌ တောင်သူလယ်သမားနေ့အထိမ်းအမှတ် မျိုးစေ့ပြပွဲ ကျင်းပ

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် တောင်သူလယ်သမားနေ့အထိမ်းအမှတ် မျိုးစေ့ပြပွဲကို မတ် ၂ ရက်က ကျင်းပသည်။

မျိုးစေ့ပြပွဲတွင် ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကိုလေးက တောင်သူလယ်သမားနေ့အထိမ်းအမှတ် မျိုးစေ့ပြပွဲကျင်းပရသည့်ရည်ရွယ်ချက်များနှင့် ကသာမြို့နယ်တွင် မျိုးပွား၊ မျိုးသန့်စိုက်ပျိုးခြင်းလုပ်ငန်းအနေဖြင့် အောင်မြင်လျက်ရှိပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

"တောင်သူလယ်သမားနေ့"အထိမ်းအမှတ် မျိုးစေ့ပြပွဲတွင် မြို့နယ်အတွင်း အဓိကစိုက်ပျိုးသော ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစေ့များကို ပြသထားပြီး ကသာမြို့နယ်တွင် မိုး၊ နွေစပါးစိုက်ဧက ၄၈၅၉၁ ဧက၊ ပဲမျိုးစုံသီးနှံ(မိုး၊ ဆောင်း) ၃၄၃၇၇ ဧကနှင့် ဆီထွက်သီးနှံ (မိုး၊ ဆောင်း) ၇၄၀၄၆ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

လူအောင်(ကသာ)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# နတ်မောက်မြို့ မြို့မစည်ပင်သာယာဈေး အသစ်ပြန်လည်တည်ဆောက်ပြီးစီး



**နတ်မောက် မတ် ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မြို့မစည်ပင်သာယာဈေး အသစ်ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

မြို့စည်ပင်သာယာဈေးကြီးသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က မီးလောင်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(မီနီဘတ်ဂျက်) တွင် တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ငွေကျပ် သိန်း ၅၅၀၀ ဖြင့် တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးဆိုင်ခန်းသစ်ဆောက်လုပ်ခြင်း ၂၂ ရုံ၊ အသားငါး ဆိုင်ခန်း တစ်ရုံ၊ မြို့မဈေးအတွင်း တောင်/မြောက် လမ်းသွယ်(၁) မူလ ၁၂ ပေ အကျယ်လမ်းကို ၂၄ ပေ အကျယ်ကွန်ကရစ် လမ်းသားချဲ့ခြင်း၊ မြို့မဈေး အတွင်း တောင်/မြောက် လမ်းသွယ်(၁) လမ်း အရှေ့ဘက်ခြမ်း အုတ်ရေမြောင်း ဆောက်လုပ်ခြင်းနှင့် ရေမြောင်းပြုလုပ်ခြင်းများနှင့် ဆိုင်ခန်းပေါင်း ၄၇၈ ခန်း တည်ဆောက်ထားရှိမှု အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့က လိုက်လံကြည့်ရှုစစ်ဆေးပြီး ယာယီဈေးတွင် ရောင်းချနေသောဈေးသည်များအား မြို့မဈေးကြီးတွင် အမြန်ဆုံး ပြန်လည်ရောင်းချနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သင်းသင်းမြတ်**

# မင်းလှမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၆၀၀၀၀ ကို မြေအစိုဓာတ်ရရှိချိန်တွင် အခမဲ့ဖြန့်ဝေပေးမည်

**မင်းလှ မတ် ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးရာသီ စိမ်းလန်းစိုပြည်ရေးအတွက် ရွှေဝါမြိုင် သစ်တောပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၆၀၀၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံမှ သိရသည်။

ရွှေဝါမြိုင် သစ်တောပျိုးဥယျာဉ်တွင် ကျွန်း ၂၅၀၀၀၊ မန်ကျည်းရှား ၃၀၀၀၀၊ ပျဉ်းကတိုး ၁၀၀၀၊ ပိတောက် ၅၀၀ ၊ စိန်တံချူ ၅၀၀၊ ခရေ ၈၀၀၊ ကံ့ကော် ၂၀၀၊ စိန်ပန်းကြီး ၁၀၀၀ ၊ ငုရွှေဝါ ၁၀၀၀ စုစုပေါင်း ပျိုးပင်ပေါင်း ၆၀၀၀၀ ကို ပျိုးထောင်ထားရှိပြီး ဇွန်လ မြေအစိုဓာတ်ရရှိချိန်တွင် ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန် အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးဆန်းတင်က ပြောသည်။

ထို့အပြင် မြို့ချောင်း-စိန်ကန့်လန့် လမ်းဘေး ၁၆ မိုင် ၄ ဖာလုံရှိ ဗိုလ်ရုံ စိုက်ခင်းပျိုးဥယျာဉ် မုက္ခာကြိုးဝိုင်း အကွက်အမှတ်(၄၁) တွင် ၂၀၂၂ မိုးရာသီ စိုက်ပျိုးရန် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၆၀ အတွက် သေပင်ဖာထေးရန် နှင့် ကျွန်းပျိုးပင်ပေါင်း ၁၀၄၄၀ ကျော် နှင့် မုက္ခာကြိုးဝိုင်းအကွက်အမှတ် (၄၀) တွင် အပင် ၁၂၉၆၀ ကျော်တို့ကို ပျိုးထောင်ထားပြီး သစ်တောဦးစီးဌာန အနေဖြင့် ဇွန်လအတွင်း စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ကျေးရွာသုံးစိုက်ခင်း အနေဖြင့် မုက္ခာကြိုးဝိုင်းအကွက်အမှတ်(၁၀) တွင် စိုက်ခင်း ၁၀ ဧကအတွက် မန်ကျည်းရှား ၁၄၅၂၀ ကိုလည်း ပျိုးထောင်ထားရှိကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



# ကသာမြို့၌ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မျိုးစေ့ပြပွဲကျင်းပ

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်မှု၊ ခရိုင်ဦးစီးမှူး ကြီးကြပ်ကွပ်ကဲမှုဖြင့် မတ် ၂ ရက် နံနက် ၁၀ နာရီက တောင်သူလယ်သမားနေ့အထိမ်းအမှတ် မျိုးစေ့ပြပွဲ ကျင်းပသည်။

မျိုးစေ့ပြပွဲတွင် ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မျိုးစေ့ပြပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် ကသာမြို့နယ်တွင် မျိုးပွား၊ မျိုးသန့် စိုက်ပျိုးခြင်း လုပ်ငန်းအနေဖြင့် အောင်မြင်လျက်ရှိပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သည့် နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းပြီး ပူပေါင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

တောင်သူလယ်သမားနေ့အထိမ်းအမှတ် မျိုးစေ့ပြပွဲ၌ မြို့နယ်အတွင်း အဓိက စိုက်ပျိုးသော ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစေ့များကို ပြသထားပြီး ကသာမြို့နယ်၌ မိုး/နွေစပါးစိုက်ဧက ၄၈၅၉၁ ဧက၊ ပဲမျိုးစုံသီးနှံ(မိုး/ဆောင်း) ၃၄၃၇၇ ဧကနှင့် ဆီထွက်သီးနှံ(မိုး/ဆောင်း) ၇၄၀၄၆ ဧက စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လူအောင်(ကသာ)**




# နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြီးစီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၁၁၆)နေ ဦးခွန်နောင်မြင့်ဝေ ၁၂/အစန(နိုင်) ဝ၂ဝ၄၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးခွန်နောင်မြင့်ဝေနှင့် ဒေါ်အဏ္ဏဝါလင်းဦး ၁၂/ကမရ(နိုင်) ဝ၁၄၆၅၅တို့သည် (၃-၃-၂၀၂၂)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြီးစီးပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၁၃)**
**အမှတ်(၁၁၆၁)၊ ရွှေပြည်သာ(၅)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉၄၃၁၉၉၉၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ဝ.ဒသမ ဝ၅၅ဧကရှိ ဦးအေးကို ၅/တဆန(နိုင်)ဝ၈၃၅၈၆ (ဘ)ဦးချစ်ဝေ အမည်ပေါက် နှစ် ၃ဝ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၄၇၈၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၄၇/၂၀၂၁ (၇-၆-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်အေးသက်မွန် ၇/ဖမန(နိုင်)၁၅၅၂၃၀ (ဘ)ဦးလှခင်မှ ဦးကျော်ဇင်လင်း ၇/ဖမန(နိုင်) ၁၅၇၃၅၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်(၄)နေ ဒေါ်သီတာအေး ၁၂/အစန(နိုင်) ၁၀၅၁၀၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ဒေါ်သီတာအေး၏ သမီးဖြစ်သူ မနှင်းဝတ်ရည်ထွန်း ၁၂/အစန(နိုင်)၁၉၆၉၈၅ ကိုင်ဆောင်သူသည် မိဘတို့၏ပြောဆိုဆုံးမမှုကိုလိုက်နာမှုမရှိဘဲ ၂၀၂၁ ခုနှစ်၊ ဧပြီလမှစတင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားခဲ့ပြီး မိဘ၊ ညီအစ်ကိုမောင်နှမများ၏ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် ၃-၃-၂၀၂၂ ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်း၏ပြုမူဆောင်ရွက်မှုများသည် မိသားစုနှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းစိုး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၂၉၂၁၅**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 16M/1608 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

# ဆူဇူကီးဖလားပြိုင်ပွဲ ယခုနှစ် ဆက်လက်ကျင်းပဖွယ်ရှိနေ

**ရန်ကုန် မတ် ၃**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်တွင် ဆက်လက်ကျင်းပဖွယ်ရှိနေသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ပုံမှန်အရ ယခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ နှစ်ကုန်ပိုင်းမှ ကျင်းပခဲ့ရသဖြင့် ယခုနှစ်တွင် ဆက်လက်ကျင်းပခြင်း ရှိ မရှိ ပြန်လည်အတည်ပြုသွားမည် ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပထမဆုံးပြိုင်ပွဲ အဖြစ် အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ပြီး အာဆီယံဖူဆယ်ပြိုင်ပွဲကို ဧပြီတွင် ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအပြီးတွင် အာဆီယံအဆင့် လူငယ်အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရွေးစင်အဆင့် အမျိုးသမီးပြိုင်ပွဲလည်း ပြုလုပ်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲအားလုံး ပုံမှန်အတိုင်းကျင်းပရန် စီစဉ်ထားသဖြင့် ဆူဇူကီးဖလားပြိုင်ပွဲကိုလည်း ကျင်းပဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက် အမြင့်ဆုံးရပ်တည်မှုအဖြစ် ဆီမီးဖိုင်နယ် နှစ်ကြိမ်သာ တက်ရောက်ဖူးပြီး နောက်ဆုံးကျင်းပသည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင်**

## အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ်(၄/၅၅)နေ ဦးခွန်မောင်အေး-ဒေါ်ငြိမ်းအေးတို့၏သား၊ မောင်သူရဖြိုးထူး (ခ)သူရသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် (၁-၁-၂၀၂၂)ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးခွန်မောင်အေး-ဒေါ်ငြိမ်းအေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/7805 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမော် ၁၂/သကတ(နိုင်) ၁၂၉၉၇၃က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ နယ်မြေ(၁၂)၊ ကျောက်တွင်း လမ်းသွယ်၊ အိမ်အမှတ်(ခ/၄၅၈)၊ ကွင်း/အကွက် အမှတ်နှင့်အမည်-၁၈/နဂါးပွက်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ဒသမ၀၄၈)ဧကရှိ ဦးကျော်မြင့် ၉/မမန(နိုင်)၀၁၁၃၁၈ ပိုင်ဆိုင်သော မြေကွက်အား ကျွန်တော်ဦးဇင်လှိုင်း ၁၃/တကန(နိုင်)၂၁၅၀၆၄မှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက (၆-၃-၂၀၂၂)ရက်တွင် ငွေအကြေပေးချေပြီး အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇင်လှိုင်း**
(ဖုန်း-၀၉-၂၅၄၁၀၂၉၁၄၊ ၀၉-၂၅၈၆၇၂၉၈၇)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/4102 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၁၂/သလန(နိုင်) ၁၄၃၃၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

# အက်ဖ်အေဖလားပဉ္စမအဆင့်၌ ချယ်ဆီးနှင့် လီဗာပူးတို့ နောက်တစ်ဆင့်တက်ပြီး ဝက်စ်ဟမ်းအသင်းပြိုင်ပွဲမှ ထွက်ခဲ့ရ

အက်ဖ်အေဖလား ပဉ္စမအဆင့် ပွဲစဉ်မှ ပွဲစဉ်သုံးပွဲကို မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လူတန်နှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်တွင် ချယ်ဆီးအသင်းက သုံးဂိုး-နှစ်ဂိုး၊ ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်တွင် ဆောက်သမ်တန် အသင်းက သုံးဂိုး-တစ်ဂိုး၊ လီဗာပူးနှင့် နော့ဝှစ်ချ်အသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံရှစ်ကလပ် လူတန်အသင်းသည် ချယ်ဆီးအသင်းဘက်သို့ ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ခြေစွမ်းကွာဟမှုကြောင့် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ လူတန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် ဘာကီနှင့် ဒုတိယဂိုးကို မိနစ် ၄၀ တွင် ကော်နစ်က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို နီဂွက်ဇ်၊ ဝါနာနှင့် လူကာကူတို့က ပွဲချိန် ၂၇ မိနစ်၊ ၆၈ မိနစ်နှင့် ၇၈ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်တွင် နှစ်သင်းကြား ခြေစွမ်းကွာဟမှု မရှိဘဲ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးများကို ပါရောက်က ပွဲချိန် ၃၁ မိနစ်တွင် အဖွင့်ဂိုး သွင်းယူပေးပြီး ဝက်ပရောက်စ်က ပွဲချိန် ၆၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ဆောက်သမ်တန်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဘရိုဂျာက သွင်းယူပေးပြီး ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် အန်တိုနီယိုက သွင်းယူပေးခဲ့သည်။

လီဗာပူးနှင့် နော့ဝှစ်ချ်အသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းကသာ ပွဲချိန်တစ်လျှောက် ဖိအားပေး ကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို မီနာမီနိုက ပွဲချိန် ၂၇ မိနစ်နှင့် ၃၉ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ နော့ဝှစ်ချ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ရုပ်က သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

# မီးပေါ့ဆမှုကြောင့် လူနေအိမ် သုံးလုံး မီးလောင်ဆုံးရှုံး

**နတ်တလင်း မတ် ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ရွာ၌ မတ် ၃ ရက် နံနက် ၃ နာရီ ၅ မိနစ်ခန့်က ဒေါ်တင်စန်း(၅၄ နှစ်) နေအိမ်မီးဖိုဆောင် မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ရာ လူနေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ မီးလောင်ရာသို့ တာပွန်နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ နတ်တလင်းမြို့နယ် မီးသတ်စခန်းမှ တစ်စီး စုစုပေါင်း သုံးစီး၊ မီးသတ်တပ်ဖွဲ့နှင့်အတူ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ကြကြောင်း၊ မီးလောင်ရာသို့ တာပွန်နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးကြောင်းနှင့် မီးပေါ့ဆသူ ဒေါ်တင်စန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာ့သစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး
## ဦးလှမြင့် (MD, HM Group Company)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ်၊ အိမ်အမှတ်(၄၄)နေ (ဦးဘာဘာ-ဒေါ်လှကြည်)တို့၏သား၊ ဦးတင်ဦး-(ဒေါ်တင်မြင့်)တို့၏ သားသမက်၊ ဒေါက်တာသန်းသန်းဦး ၏ခင်ပွန်း၊ မမေဇင်ဦး (Mirror Bridal Services & Photo Studio)၊ ကိုဝေဟင်ဦး (HIGH MAX Group of Companies Limited)- မနှင်းဝါလင်း (More & More Gold & Jewellery)၊ ကိုပြည့်စုံဦး၊ မမေဦးငယ် တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မချမ်းဦးမေ၊ မောင်ချမ်းဦးကမ္ဘာ၊ မသွန်းပြည့်ဝေဟင်၊ မောင်ထူးပြည့်ဝေဟင် တို့၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး ဦးလှမြင့် အသက်(၇၃)နှစ်သည် ၁-၃-၂၀၂၂ ရက် (အင်္ဂါနေ့) ညနေ ၄:၃၀ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1143, Toyota Kluger Acu25, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာဇော် ၁၂/လသယ(နိုင်)ဝ၄ဝ၂၂၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/9790, Toyota Camry S/L ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဆက် ၁၂/ဒဂတ(နိုင်)ဝ၁၄၇၂ဝ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃ဝ အ တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း(M.O.T)
### နတ်မောက်မြို့နယ်အသင်း နာယက
### စန္ဒိမာ ပညာရည်ချွန်ဆု ရွေးချယ်ရေးအဖွဲ့ နာယက
### သမိုင်းမြို့မ ကျောင်းသားဟောင်း
### အသက်(၇၅)နှစ်

(ဦးညွန့်မောင်-ဒေါ်အေးမိ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ခြံအမှတ်(၁၂)နေ ဒေါ်လှလှ ၏ခင်ပွန်း၊ ဦးကြည်ဝင်း-ဒေါ်ကြည်ကြည်စန်း တို့၏အစ်ကို၊ ကိုဇေယျာလင်း - မခင်သန်းတင့်၊ ကိုအောင်ကို-မနွယ်နီအောင် တို့၏ဖခင်၊ မနှင်းအိအိအောင်၊ မဝင်းသော်တာအောင် တို့၏ဘကြီး၊ မေမနေဖြူ၊ အာကာမိုးမြင့်၊ ခင်ပြည့်စုံဉာဏ်တို့၏အဘိုးသည် ၃-၃-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှ ကားများ နံနက် ၉:၄၅နာရီတွင် ထွက်ပါမည်။ (ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၂ ရက်နေ့ နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

### အထူးကျေးဇူးတင်ရှိခြင်း
## ဦးမြင့်အောင်(ညောင်တုန်း)
### B.A.B.L
### လက်ထောက်ညွှန်ကြားရေးမှူး
### ပြည်တွင်းအခွန်များဦးစီးဌာန
### အသက် (၉၈)နှစ်

၂၅-၂-၂၀၂၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်သော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်အောင် အသက် (၉၈)နှစ် ၏ နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံး စေတနာအပြည့်အဝဖြင့် ဂရုစိုက်စောင့်ရှောက်ကုသမှုပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း သတင်းမေးနှစ်သိမ့်အားပေးခြင်းနှင့် ကူညီပေးကြသူများ၊ လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြသော အာရှတော်ဝင် B.O.D အဖွဲ့၊ မိသားစုဝန်ထမ်းများအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## Simon ဦးသွင်ထွန်း
### St.John ကျောင်းသားဟောင်း
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) စိုက်ပျိုးရေးဦးစီးဌာန
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ တိုက်အမှတ် (၃ဝ၃)၊ အခန်း (၃)၊ သံသုမာလမ်းနေ (ဦးတင်မောင်-ဒေါ်စောခင်)တို့၏သား၊ Anna ဒေါ်ခင်ကြည်၏ခင်ပွန်း၊ (ဒေါ်ညွှန့်ညွှန့်ခင်-ဦးသိန်းလတ်) RTC၊ (Michael ဦးနေမျိုး)-ဒေါ်လှလှအေး၊ (ဦးငြိမ်းချမ်း)၊ ဒေါ်သီတာသွင် (စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးကြည်ထွေး-ဒေါ်သီတာ (စိုက်ပျိုးရေးဦးစီးဌာန)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်၊ တီ တစ် ယောက်တို့၏အဘိုးဖြစ်သူ Simon ဦးသွင်ထွန်းသည် အထက်ပါနေအိမ်၌ ၃-၃-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၂:၃ဝ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၂၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်ခန်းမတွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းမြင့်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်၊ ရွာမရပ်ကွက်၊ ၁၅၁လမ်း၊ အိမ်အမှတ်(၂၁)နေ (ဦးကျော်ငြိမ်း)၏ဇနီး၊ (ဦး နိုင်ဝင်း)-ဒေါ်ဝါဝါငြိမ်း၊ ဦးဇော်မင်း-ဒေါ်လဲ့လဲ့ငြိမ်း၊ ဒေါ်မိမိငြိမ်း၊ ဒေါ်စိုးစိုးငြိမ်း(ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန)၊ ဦးနိုင်နိုင်ကျော် တို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်ကြီးသုထက်ဦးကျော်(ငြိမ်း)၊ ကိုနိုင်ဦးကျော်တို့၏အဘွား ဒေါ်အုန်းမြင့် အသက်(၈၈)နှစ်သည် ၃-၃-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄ဝနာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ရက် နံနက် ၁ဝနာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး သောင်းလွင်(ငြိမ်း)
### (လေ-၁၄၄၁)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၃)
### ဒု-အထွေထွေမန်နေဂျာ(ပစ္စည်းထိန်းချုပ်-ငြိမ်း)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၈၆)နှစ်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၃)မှ ကျောင်းသားအမှတ်(၉၁) သူငယ်ချင်း ဗိုလ်မှူးသောင်းလွင်(ငြိမ်း)သည် ၂-၃-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၈နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိ ရောက်ပါစေ။

ဗိုလ်လောင်းသင်တန်း(OTS)အမှတ်စဉ်(၃၃)မှ သူငယ်ချင်းများ

---

## မဒေါ်လီ
### ဦးစီးအရာရှိ(ငြိမ်း)
### (ဆည်မြောင်း/ကြံလုပ်ငန်း)
### အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၈/၄-၃၁၅ (ခ) မဟာမြိုင်ပန်းခြံ (၃)လမ်းနေ (ဒေါက်တာ JB ချောင်ဒရီ- ဒေါ်H ချောင်ဒရီ)တို့၏သမီး၊ ဒေါ်မော်လီ၊ အထက်တန်းပြ(ငြိမ်း)၊ (ဦး TR ဂူဟား)-ဒေါ်ပဂ္ဂီ၊ (ဦးဂျော့ချောင်ဒရီ)-ဒေါ်ခင်ပြုံး၊ ဦးကျော်မောင်-ဒေါ်ရိုစီ၊ ဦးအုန်းမြင့်-(ဒေါ်လက်ကီး) တို့၏ညီမသည် ၁-၃-၂၀၂၂ရက် ညနေ ၅:၄၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေ မျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီး တင်မြင့် (ငြိမ်း)
### ကြည်း (၉၄၇၃)
### ပဲခူးတိုင်းဒေသကြီး၊ အမှတ် (၃)
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (ငြိမ်း)
### မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)
### မြို့နယ်ဥပဒေ္ဒသကဥက္ကဋ္ဌ(ငြိမ်း)
### အသက် (၈၈)နှစ်

ဒိုက်ဦးမြို့၊ ကုန်သည်ရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ် (၆၈)နေ (ဦးကျော်-ဒေါ်စိန်ညှာ)တို့၏သား၊ (ဦးအုန်းကျင်-ဒေါ်ငြိမ်း)တို့၏သား/သမက်၊ (ဒေါ်ခင်အေးကြွယ်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်သန်း)-ဒေါ်စိန်စိန်တို့၏အစ်ကိုကြီး ဗိုလ်မှူးကြီး မောင်မောင်(ငြိမ်း)-ဒေါ်နိုင်နိုင်မြင့်၊ (ဦးလှထွဋ်မြင့်)၊ ဦးတင်ထွဋ်မြင့်-ဒေါ်လှလှဝင်း၊ ဗိုလ်မှူးမြင့်ဌေး(ငြိမ်း)-ဒေါ်ဌေးဌေးမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး မမေသီရိကျော်၏ဘကြီး မြေး ခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃-၃-၂၀၂၂ရက်(ကြာသပတေးနေ့)နံနက် ၁ဝ:၄ဝ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွား ပါသဖြင့် ၅-၃-၂၀၂၂ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျန်ရစ်သော ရုပ်ကလာပ်အား ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း
## ဒုရဲမှူးကြီး ဝင်းကြည်(ငြိမ်း)
### အသက်(၆၅)နှစ်

၂-၃-၂၀၂၂ရက်တွင် ကွယ်လွန်သွားသော ဒုရဲမှူးကြီး ဝင်းကြည် (ငြိမ်း)၏ နာရေးအား မီးသင်္ဂြိုဟ်ပြီးစီးသည်အထိ ကူညီလုပ်ကိုင်ပေးကြသူများ၊ လိုက်ပါပို့ဆောင်ပေးကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်နီးရပ်ဝေးမှ ဖုန်း၊ Messageတို့ဖြင့် အားပေးစကားပြောကြားသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့်
ညီအစ်ကိုမောင်နှမများ

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုရဲမှူးကြီး ဝင်းကြည်(ငြိမ်း)
### အသက်(၆၅)နှစ်

မန္တလေးမြို့၊ ကဥ္စနမဟီရပ်နေ(ဗိုလ်ကြီးတင်ညွန့်-ဒေါ်လှကြည်)တို့၏ သား၊ မောင်မင်းထက်ကောင်း၊ မောင်ကျော်စွာဟိန်းတို့၏ ဖခင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်သန်းသန်းလွင်၏ ခင်ပွန်း ဒုရဲမှူးကြီး ဝင်းကြည်(ငြိမ်း) အသက်(၆၅)နှစ်သည် ၂-၃-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂:၁ဝ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းမိတ်ဆွေများ

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် (၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (၁၁၆)၊ မြေကွက်အမှတ်၊ ဧရိယာ ဝဒသမဝ၂၂ကေရှိ ဘိုးဘပိုင်မြေသည်အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးမျိုးမင်းဦးပါ(၂)ဦးအမည်ပေါက်ပြီး ၎င်းအမည်မှ ပူးတွဲအမည်ပေါက်သူ တရားဝင်ဇနီးဖြစ်သူ ဒေါ်မိုးမိုးသူအမည်သို့ ပြောင်းလဲပေးပါရန် ဒေါ်မိုးမိုးသူမှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

ဦးစီးဌာနမှူး
အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

---

## ဒေါ်ခင်နွယ်နွယ်(ပုသိမ်)
### အသက်(၈၄)နှစ်

ပုသိမ်မြို့၊ ကန်လမ်း၊ အမှတ်(၇)နေ (ဦးကျော်ဒင်ဦး-ဒေါ်တင်မေ)တို့၏သမီးကြီး၊ (ဦးအောင်မြင့်)၏ဇနီး၊ (ဦးဝင်းလှိုင်-ဒေါ်တင်လှိုင်)၊ (ဦးထွန်းအေး)-ဒေါ်ရီရီဝင်းတို့၏ အစ်မကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစ်ပယ်ရိပ်သာလမ်း၊ အမှတ်(၁)နေ ဦးဉာဏ်ဝင်း(CE,MPT(Rtd),V.C (HTI))-(ဒေါ်ခင်မမစိုး-RIT)၊ ဦးကံလင်း(မြင့်မြတ်ဒီဇိုင်းနှင့်ပုံနှိပ်လုပ်ငန်း)၊ ဦးကံထွန်း၊ ဒေါ်နိုင်နိုင် အောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုစိုးသက်ကျော်(L-QuBE Pte.Ltd-Singapore)-မဗွန်သူအောင်၊ မခိုင်ပွင့်ခတ္တာ(Honest Hour)၊ ဖြိုးသူအောင်(ခေတ္တ-Dubai)၊ မိုးသူအောင်တို့၏ အဘွား၊ မဆုသံသာ(Singapore)တို့၏အဘွားသည် ၃-၃-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၆:၄၅နာရီတွင်(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ပုဂံညောင်ဦးမြို့နယ်အသင်း ရန်ကုန်တွင် အမှုဆောင်နှင့် နာယကအဖြစ် ဆောင်ရွက်ခဲ့သော အမှတ် ၅၆၉ ဓမ္မာရုံ-၂ လှိုင်မြို့နယ်နေ (ဒေါ်သန်းစိန်)၏ ခင်ပွန်း ဦးတင်ရွှေ အသက် (၈၉) နှစ် သည် ၂၈-၂-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ပုဂံညောင်ဦးမြို့နယ်အသင်း ရန်ကုန်

---

## ဦးကျော်နိုင်
### အသက်(၆ဝ)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁ဝ)လမ်းအနောက်၊ အမှတ်(၄၁၄)နေ (ဦးမျိုးညွန့်-ဒေါ်မြသန်း)တို့၏သား၊ (ဒေါ်ခင်ခင်ဝင်း)၏မောင်၊ (ဦးလှရွှေ)-ဒေါ်ချိုချိုအုန်း၊ ဦးလှအောင်၊ ဦးကျော်သိန်း-ဒေါ်ချိုချိုဝင်း၊ ဦးလှဝင်းတို့၏ညီ၊ (ဦးမြင့်လွင်)-ဒေါ်ဖြူဖြူလွင်၊ ဦးထွန်းလင်း-ဒေါ်ရီရီလွင် (လ/ထညွှန်ကြားရေးမှူး၊ တရားရေးဌာန၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်)၊ ဦးလှမြင့်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထန်းတပင်မြို့၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်စီစီစိုးဦးတို့၏ အစ်ကို၊ တူ၊ တူမ ၁ဝယောက်တို့၏ဦးလေးသည် ၂-၃-၂၀၂၂ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/3269 ယာဉ်လက်ဝယ်ရှိသူ ဦးတင်နိုင်ထွန်း ၇/နတလ(နိုင်) ၁၂၇၅၁၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

---

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

အောင်လံမြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ်(၁/သရက်တော)၊ ဦးပိုင်အမှတ် (၂၄၅)၊ မြေကွက်အမှတ်(324)၊ဧရိယာ(ဝဒသမဝ၆၈)ကေရှိ ဘိုးဘပိုင်မြေသည်အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးကျော်ထွန်း၊ ဒေါ်ကျင် အမည်ပေါက်ပြီး ၎င်းတို့အမည်မှ ၁၄-၂-၂၀၂၂ ရက်စွဲပါ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ်(၉/၂၀၂၂)အရ ဒေါ်လှလှကြည်မှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

ဦးစီးဌာနမှူး
အောင်လံမြို့နယ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

- အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ်၊ စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါတယ်။
- တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် (၂၀) ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံ သဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုက်ထိုမြို့နယ်ရှိ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတား ပျက်စီး

နေပြည်တော် မတ် ၃

**အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော စီးပွားရေးအဆောက်အဦများ၊ နေအိမ်အဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။**

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာဟောင်း၏ မြောက်ဘက် မီတာ ၃၀ ခန့်အကွာရှိ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏မြောက်ဘက် ကမ်းကပ်ခုံအောက် အရှည်ပေ ၅၀ တစ်ကန့် ကျိုးကျပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ ပြည်သူများကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့်အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျုံမကူးချောင်း သံကူကွန်ကရစ်တံတား ပျက်စီးသွားမှုကို တွေ့ရစဉ်။

### ယနေ့ သတင်းအညွှန်း


**မတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၉ ဦးတွေ့ရှိ**
ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈.၄၃ ရာခိုင်နှုန်းရှိ
ပြည်တွင်းသတင်း စာ - ၁၅

**နိုင်ငံစီးပွားရေးအကျိုးဖြစ်ထွန်းစေမည့် ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ငါးသလောက်**
ဆောင်းပါး စာ - ၁၆

**မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀) အစုန်ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်**
ပြည်တွင်းသတင်း စာ - ၁၈